စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း

# မြန်မာ့ခရီးသွားလုပ်ငန်း၏ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း

## အစီရင်ခံစာ အနှစ်ချုပ် နှင့် အကြံပြုတင်ပြချက်များ



THE DANISH INSTITUTE FOR HUMAN RIGHTS

Myanmar Centre for Responsible Business

Institute for Human Rights and Business

# ကျေးဇူးတင်လွှာ

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (Myanmar Centre for Responsible Business - MCRB) ကို အဓိက ရန်ပုံငွေထောက်ပံ့ပေးသည့် မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်ကြသော ဒိန်းမတ်၊ အိုင်ယာလန်၊ နယ်သာလန်၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့် ယူကေအစိုးရတို့အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကွင်းဆင်းလေ့လာဆန်းစစ်မှုပြုလုပ်ရာတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတစ်ဝန်းမှ မိတ်ဖက်အဖွဲ့အစည်းများ၊ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် ပြုလုပ်ခဲ့သည့် မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍ၏ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း (Tourism Sector, Sector-Wide Impact Assessment-SWIA) အစီရင်ခံစာမူကြမ်း ဆွေးနွေးညှိနှိုင်းပွဲတွင် အားဖြည့် ပေးခဲ့ကြသော အဖွဲ့အစည်းများနှင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် ပြုလုပ်ခဲ့သည့် SWIA အစီရင်ခံစာမူကြမ်း အွန်လိုင်း ဆွေးနွေးညှိနှိုင်းပွဲတွင် ပါဝင်ခဲ့သော အဖွဲ့အစည်းများကို ကျေးဇူးတင်ပါသည်။ ထို့အပြင် သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ပံ့ပိုးကူညီခဲ့ကြသော ပြည်ထောင်စုအစိုးရ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရ၊ မန္တလေးတိုင်းဒေသကြီး အစိုးရ၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရတို့ကိုလည်း ကျေးဇူးတင်ပါသည်။

Hanns Seidel Foundatio Nicole Hausler, Paul Rogers, Achim Munz မှ လုပ်ငန်းစဉ်အတွက် တန်ဖိုးရှိသော ပူးပေါင်းထည့်ဝင်ပေးမှုများပေးသော Tourism Transparency မှ Andrea Valentine နှင့် ပဋိပက္ခအား ဘက်ပေါင်းစုံမှရှုမြင်ခြင်း မူကြမ်းအတွက် ထောက်ပံ့ကူညီမှုနှင့် ထောက်ခံအကြံပြုချက်များပေးသော Peace Nexus Foundation တို့ကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာရေးသားသူများဖြစ်ကြသော The Danish Institute for Human Rights (DIHR) မှ Tulika Bansal နှင့် Elin Wrzoncki၊ Institute for Human Rights and Business (IHRB) မှ Donna Guest ၊ MCRB မှ Vicky Bowman နှင့် သီသီသိမ်း၊ အရေးပါသော ထောက်ပံ့ကူညီမှုများကို ပြုလုပ်ပေးကြသော IHRB မှ Margaret Wachenfeld နှင့် Haley St. Dennis ၊ ပြင်ပအကြံပေး Catie Shavin ၊ DIHR မှAllan Lerberg Jørgensen သုတေသနများ ကူညီပြုလုပ်ပေးသော DIHR အလုပ်သင်များဖြစ်ကြသည့် Salome Zurabishvili ၊Mette Marstrard-Jørgensen၊ Camilla Andersen နှင့် Anouk Siedler တို့အားလည်းကောင်း၊ သုတေသနအတွက် နောက်ခံ စာတမ်းများအား ကူညီဆောင်ရွက်ခဲ့ကြသော Delphia Lim နှင့် Ross Wilson တို့အား ကျေးဇူးတင်ရှိပါသည်။

MCRB ၏ခရီးသွားကဏ္ဍ ကွင်းဆင်းသုတေသနအဖွဲ့ဝင်များဖြစ်ကြသော သုတေသနမှူး ခိုင်ဦးဆွေနှင့် သုတေသီများ ဖြစ်ကြသော မော်လီဝင်း၊ နှင်းမာလာဖြူ၊ သန့်ဇော်ဝင်း၊ ရီရီလင်းသန့်၊ စုစုလှိုင်၊ မျိုးနိုင်နှင့် ကွင်းဆင်းသုတေသနအတွက် တန်ဖိုးရှိသော ထည့်ဝင်မှုများပြုလုပ်ပေးသော Ashley Pritchardနှင့် အစီရင်ခံစာတွင် ထည့်သွင်းအသုံးပြုရန် တိုင်းရင်းသားဒေသများရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနများကို လုပ်ကိုင်ပေးပါသော Polina Lenkova (နွေရာသီ အလုပ်သင်) တို့အားလည်း အထူးပင် အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

# အစီရင်ခံစာ အပြည့်အစုံ၏ မာတိကာ


ပေါ်ဟာရစာရင်း ........ ၅
အတိုကောက်စာလုံးများစာရင်း ........ ၅
ဇယားကွက်များစာရင်း ........ ၇

အစီရင်ခံစာ အနှစ်ချုပ် ........ ၉

အပိုင်း (၁) နိဒါန်း ........ ၁၇

အပိုင်း(၂) အစိုးရ၏ တရားဥပဒေနှင့် စည်းမျဉ်းထိန်းချုပ်ရေးမူဘောင် ........ ၂၉

အပိုင်း (၃) ကဏ္ဍအဆင့်သက်ရောက်မှုများ ........ ၆၉
အပိုင်း (၃.၁) တိုင်းရင်းသားလူနည်းစုဒေသများရှိ ခရီးသွားလုပ်ငန်း ........ ၉၃

အပိုင်း(၄) စုပေါင်းသက်ရောက်မှုများနှင့် စီမံကိန်းအဆင့် သက်ရောက်မှုများ ........ ၁၀၁
အပိုင်း (၄.၁) စီမံကိန်းနှင့်ဆက်နွယ်သူများနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်း၊ ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ထိခိုက်နစ်နာမှုများ၊ စိုးရိမ်မှုများကို ဖော်ထုတ်ဖြေရှင်းခြင်းနည်းလမ်းများ ........ ၁၀၇
အပိုင်း (၄.၂) ဒေသရပ်ရွာလူထုနှင့် သက်ဆိုင်သော သက်ရောက်မှု ........ ၁၁၇
အပိုင်း (၄.၃) မြေယာ ........ ၁၂၅
အပိုင်း (၄.၄) အလုပ်အကိုင် ........ ၁၃၉
အပိုင်း (၄.၅) ထိခိုက်မှု၊ အန္တရာယ်ကြုံတွေ့နိုင်ဖွယ်ရှိသော လူ့အဖွဲ့အစည်းများ ........ ၁၅၃
အပိုင်း (၄.၆) ယဉ်ကျေးမှု ........ ၁၆၉
အပိုင်း (၄.၇) ရပ်ပိုင်းဆိုင်ရာ လုံခြုံရေး ........ ၁၇၇
အပိုင်း (၄.၈) သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ဝန်ဆောင်မှု ........ ၁၈၁

အပိုင်း(၅) ထောက်ခံအကြံပြုချက်များ ........ ၁၉၅
အပိုင်း (၅.၁) နိုင်ငံတော်အစိုးရအတွက် အကြံပြုချက်များ ........ ၁၉၈
အပိုင်း (၅.၂) ပြည်တွင်း-ပြည်ပ စီးပွားရေးလုပ်ငန်းများသို့ အကြံပြုချက် ........ ၂၀၆
အပိုင်း (၅.၃) လုပ်ငန်းပိုင်းရှင်နှီးမြှုပ်နှံသူများအတွက် အကြံပြုချက်များ ........ ၂၁၃
အပိုင်း (၅.၄) ခရီးသွားများအတွက် အကြံပြုချက်များ ........ ၂၁၄
အပိုင်း (၅.၅) အရပ်ဘက် လူမှုအဖွဲ့အစည်းများသို့ အကြံပြုချက်များ ........ ၂၁၅
အပိုင်း (၅.၆) ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ မိခင်အစိုးရများအတွက် အကြံပြုချက်များ ၂၁၆
အပိုင်း (၅.၇) မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ အကြံပြုချက်များ ........ ၂၁၈
အပိုင်း (၅.၈) သက်ဆိုင်သူ အုပ်စုများအတွက် အကြံပြုချက်များ........ ၂၁၉

နောက်ဆက်တွဲများ ........ ၂၂၁
နောက်ဆက်တွဲ(က) သက်ရောက်မှုများအားကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်းဆိုင်ရာ စနစ်တကျဆောင်ရွက်ပုံ အဆင့်ဆင့်နှင့် ဆက်စပ်သော နောက်ဆက်တွဲသတင်းအချက်အလက်များ ........ ၂၂၂
နောက်ဆက်တွဲ (ခ) ခရီးသွားလုပ်ငန်းဆိုင်ရာ ခြုံငုံလေ့လာခြင်းများ ........ ၂၃၅

# အစီရင်ခံစာအနှစ်ချုပ် နှင့် အကြံပြုတင်ပြချက်များ

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းကဏ္ဍသည် ယခုအခါ များစွာဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး နိုင်ငံတော်အစိုးရ၏ 'ပို့ကုန်ဆိုင်ရာမဟာဗျူဟာ' (export strategy)တွင်လည်း ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံတွင် ခရီးသွားများ သွားရောက်နိုင်မည့် ထူးခြားသော နေရာဒေသများ စုံလင်စွာရှိခြင်းကြောင့် ခရီးသွားလုပ်ငန်းသည် အလုပ်အကိုင် ဖန်တီးရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အထောက်အကူပြုနိုင်သည့် အခန်းကဏ္ဍမှ ပါဝင်နိုင်မည့် အလားအလာရှိပါသည်။ သို့ရာတွင် ခရီးသွားလုပ်ငန်း တိုးတက်လာခြင်းကြောင့် ထိခိုက်မှုများ၊ ဆိုးကျိုးသက်ရောက်မှုများလည်း ရှိမည်ဖြစ်ပါသည်။ ယင်းတို့အနက်အချို့ကို ဤလေ့လာဆန်းစစ်ချက် စာတမ်းတွင် ဖော်ပြထားပါသည်။ ယင်းသက်ရောက်မှုများသည် ခရီးသွားလုပ်ငန်းကဏ္ဍတွင် လက်ရှိဖြစ်ပေါ်နေသော အခက်အခဲ၊ တင်းမာမှုများကိုလည်း ထင်ဟပ်စေပါသည်။ ဤဆန့်ကျင်ဘက် သက်ရောက်မှုများကို ကမ္ဘာပေါ်ရှိ အခြားနေရာဒေသများတွင်လည်း တွေ့ရှိရပါသည်။ သို့ရာတွင် မြန်မာနိုင်ငံ၌ အထင်ရှားဆုံး ဖြစ်ပါသည်။ နှစ်အနည်းငယ်ကာလအတွင်း အခြားနိုင်ငံများနှင့် အဆက်အဆံမရှိဘဲ ခရီးသွားလုပ်ငန်းနှင့် ကင်းကွာလျက် (၁၅) နှစ်ကျော် ပိတ်ဆို့မှုများပြုလုပ်ခြင်းခံရသောနိုင်ငံအဖြစ်မှ "မဖြစ်မနေ လာရောက်လည်ပတ်ရမည့် နိုင်ငံ" အဖြစ်သို့ ရောက်ရှိလာခြင်းကြောင့် ဖြစ်ပါသည်။

ကံကောင်းသော အချက်မှာ နိုင်ငံတော်အစိုးရနှင့်လည်းကောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍနှင့်လည်းကောင်း၊ ဒေသခံအရပ်ဘက် လူမှုအဖွဲ့အစည်း အုပ်စုများနှင့်လည်းကောင်း အတူလုပ်ငန်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံတွင် တာဝန်သိသော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေးနှင့် သက်ဆိုင်သောသူအများပါဝင်လျက် ဆွေးနွေးမှုများ အများအပြားကို ယခင်နှစ်အနည်းငယ်ကတည်းကပင် လုပ်ဆောင်နေကြပြီးဖြစ်ပါသည်။ <u>နိုင်ငံတော်အစိုးရကလည်း တာဝန်သိသော ခရီးသွားလုပ်ငန်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင်လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေး</u> ဆိုင်ရာမူဝါဒများ ချမှတ်ထားရှိပါသည်။ ယင်းတို့တွင် ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးအတွက် ရှင်းလင်းသော မူဘောင်တစ်ရပ် ချမှတ်ဖော်ပြထားပါသည်။ ယင်းသို့သော မူဘောင်မှာ စိုက်ပျိုးရေးနှင့် သယံဇာတ တူးဖော်ထုတ်ယူရေး ကဲ့သို့သော မြန်မာနိုင်ငံအတွက် အရေးပါသည့် အခြားစီးပွားရေးကဏ္ဍ အများအပြားတွင်ပင် ချမှတ်ထားခြင်း မရှိသေးပါ။

မြန်မာနိုင်ငံသည် ဆယ်စုနှစ်များစွာကြာမြင့်ခဲ့သော တိုင်းရင်းသားပဋိပက္ခ၊ အာဏာရှင် အုပ်ချုပ်မှု၊ စီးပွားရေးအရအထီးကျန်ဖြစ်မှု၊ အုပ်ချုပ်မှုအရည်အသွေး အားနည်းခြင်းတို့မှ ကင်းလွတ်စပြုသော်လည်း အခက်အခဲပြဿနာများသော နိုင်ငံတစ်ခုအဖြစ် ကာလအတန်ကြာ ဆက်လက်တည်ရှိနေဦးမည်ဖြစ်ပါမည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းကဏ္ဍသည် တာဝန်သိသော စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုဖြစ်စေရန်အတွက် လုပ်ငန်းလည်ပတ်မှုကြောင့် လူ့အခွင့်အရေး အပါအဝင်၊ လူ့အဖွဲ့အစည်းအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်း၊ ထိခိုက်နိုင်သည့် အကြောင်းအခြင်းအရာများကို ကြိုတင်ကာကွယ်တားစီးရန် အစီအမံများ ဆောင်ရွက်ခြင်းအစရှိသည့် သင့်မြတ်လျော်ကန်အောင် ဆောင်ရွက်မှုများ (due diligence) ကို တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဆိုးကျိုးသက်ရောက်မှုများကို ထိရောက်စွာ ကိုင်တွယ်စီမံနိုင်သော၊ မြန်မာနိုင်ငံ၊ မြန်မာပြည်သူလူထုနှင့် စီးပွားရေးလုပ်ငန်းများ အကျိုးကျေးဇူး ဖြစ်ထွန်းသော ခိုင်မာသည့်နည်းစနစ်များ ပါဝင်ရပါမည်။

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) သည် ဒုတိယမြောက် စီးပွားရေးလုပ်ငန်းများ၏သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း (Sector Wide Impact Assessment–SWIA)ကို

ဆောင်ရွက်ခဲ့ရာတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍကို အဓိကထား လေ့လာခဲ့ပါသည်။ MCRB ကို ပူးတွဲတည်ထောင်ခဲ့သော အဖွဲ့အစည်းနှစ်ရပ်ဖြစ်သည့် ဒိန်းမတ်အခြေစိုက် Danish Institute for Human Rights (DIHR) နှင့် ယူကေအခြေစိုက် Institute for Human Rights and Business (IHRB) တို့နှင့် ပူးပေါင်းလျက် လေ့လာခဲ့ခြင်းဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း တာဝန်သိသော လုပ်ငန်းဆောင်ရွက်မှု၏ အခြေခံအဖြစ် လမ်းညွှန်ချက်ဖြည့်ဆည်းပေးနိုင်စေရန်လည်း ရည်ရွယ်ပါသည်။ SWIA သည် အများလက်ခံထားသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝအပေါ် သက်ရောက်မှုများအား စနစ်တကျ လေ့လာဆန်းစစ်သည့်နည်းလမ်းများကို အသုံးပြုပြီး လူ့အခွင့်အရေး ရှုထောင့်မှ လေ့လာထားခြင်းဖြစ်ပါသည်။ SWIA သုတေသနအတွက် သတ်မှတ်ထားသော နယ်ပယ်သည် လုပ်ငန်းတစ်ခု၊ စီမံကိန်းတစ်ခုတည်းအား အထူးပြုလေ့လာခြင်းထက် ကျော်လွန်ပါသည်။ ခရီးသွားလုပ်ငန်း၏ ကဏ္ဍတစ်ခုလုံးကို လေ့လာခြင်းဖြစ်ပြီး လုပ်ငန်း၊ စီမံကိန်းအသီးသီးကြောင့် လူတစ်ဦးချင်းစီနှင့် အုပ်စုများအပေါ် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကိုသာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံးအပေါ် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကိုပါ လေ့လာဆန်းစစ်ပါသည်။ ထို့ကြောင့် သက်ရောက်မှုများကို အဆင့်သုံးဆင့်သတ်မှတ်၍ လေ့လာပါသည်။ ပထမအဆင့်တွင် ကဏ္ဍတစ်ခုလုံး၏ သက်ရောက်မှုများ (sector level impacts)အား ခြုံငုံ၍ လေ့လာပါသည်။ ဤအဆင့်တွင် သက်ရောက်မှုအပေါင်းအစုကို လေ့လာဆန်းစစ်ပြီး မြန်မာ့လူမှုအသိုက်အဝန်းနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ၏ အပြန်အလှန်ဆက်စပ်ပုံနှင့် ပတ်သက်၍ ပြည်စုံသောရုပ်ပုံကားချပ်ကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားပါသည်။ (အပိုင်း-၃)။ ဒုတိယအဆင့်အနေဖြင့် လုပ်ငန်းအဆင့်(စီမံကိန်းအဆင့်)တွင် သက်ရောက်မှုရှိသည့် နယ်ပယ် (၈) ခုကို ဆန်းစစ်ပါသည်။ ၎င်းတို့မှာ- လုပ်ငန်းနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ထိခိုက်မှု၊စိုးရိမ်မှုတို့ကိုဖော်ထုတ်ပြောဆိုတိုင်ကြားနိုင်သောစနစ်ထားရှိမှု၊ရပ်ရွာအသိုင်းအဝိုင်းအပေါ် သက်ရောက်မှုများ၊ မြေယာ၊ အလုပ်အကိုင်၊ အခက်အခဲ၊ ပြဿနာကြုံတွေ့ရဖွယ်ရှိသော လူအစုအဖွဲ့များ၊ လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်တို့ဖြစ်သည်။ (အပိုင်း၄)။ တတိယအဆင့်တွင် စုပေါင်းသက်ရောက်မှုများကို လေ့လာပါသည်။ အချို့သော ခရီးသွားလုပ်ငန်း နယ်မြေဒေသများတွင် ခရီးသွားအများအပြား လာရောက်ကြသဖြင့် စုပေါင်းသက်ရောက်မှုများ မလွှဲမရှောင်သာ ရှိမည်သာဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းများနှင့် ၎င်းလုပ်ငန်းများ လုပ်ကိုင်နေသည့် ဧရိယာအတွင်းတွင် ရှိသော (သို့မဟုတ်) အချိန်ကာလ တစ်ခုတည်းတွင်လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသော သက်ရောက်လာမှုများ ဖြစ်ပါသည်။ (အပိုင်း - ၅)။ SWIA သည် တစ်ဆင့်ရရှိသော စာတမ်းများ၊ သတင်းမှတ်တမ်းများအား အခြေခံ၍ (desk base)  သုတေသနပြုခြင်းနှင့် ကွင်းဆင်းလေ့လာမှုများ (field research base) ကို အခြေခံ၍ သုတေသနပြုခြင်း စသည့်နည်းလမ်းများကို အသုံးပြုခဲ့ပြီး မြန်မာနိုင်ငံအတွင်း ခရီးသွားလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုများ ရှိနေပြီးဖြစ်သော နေရာဒေသ (၆) ခုတွင် ကွင်းဆင်းပြုလုပ်ထားပါသည်။ SWIA တွင် မြန်မာနိုင်ငံ၏ လက်ရှိတည်ဆဲမူဝါဒနှင့် ဥပဒေမူဘောင်ကို အသေးစိတ် ဆန်းစစ်သုံးသပ်ချက်များ သာမက နိုင်ငံ၏ သမိုင်းဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ စိန်ခေါ်မှု၊ အခက်အခဲများကိုလည်း ထင်ဟပ်စေပါသည်။

SWIA ကို အသုံးပြုစေလိုသော အဖွဲ့အစည်းအုပ်စု အမျိုးမျိုး ရှိပါသည်။ နိုင်ငံတော်အစိုးရ၊ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်နွှယ်နေသည့် တန်ဖိုးမြှင့်လုပ်ငန်းများစဉ် (value chain) နှင့်ဆက်စပ်သည့် မြန်မာကုမ္ပဏီများနှင့် ပြည်ပကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံသော အဖွဲ့အစည်းများ၊ ပြည်တွင်းသတင်းမီဒီယာများနှင့် အလုပ်သမားသမဂ္ဂများ အပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ မိခင်နိုင်ငံမှ အစိုးရအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် ခရီးသွားများကိုယ်တိုင်တို့ ဖြစ်ပါသည်။ ၎င်းဆန်းစစ်လေ့လာချက်များနှင့် အကြံပြုချက်များကို ဖော်ပြပါအုပ်စုများထံ ဦးတည်ရည်ရွယ်ခြင်းဖြင့် ၎င်းတို့အားလုံးသည် ခရီးသွားလုပ်ငန်းကဏ္ဍအတွက် ကြုံတွေ့လာနိုင်ဖွယ်ရှိသော အခက်အခဲ၊ ပြဿနာများကို တားဆီးရန်၊ ဆိုးကျိုးသက်ရောက်မှုများကို လျော့ချရန်၊ ကောင်းကျိုးရလဒ်များ စတိုးဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါသည်။ ထိုရလဒ်ကောင်းများအား မူဝါဒ၊ ဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရွေးချယ်ခြင်းများ၊ လုပ်ငန်းဆောင်ရွက်ခြင်းများတွင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခြင်းဖြင့် ရရှိနိုင်ဖွယ်ရှိပါသည်။

တာဝန်သိသော စီးပွားရေး လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာနိုင်ငံတကာ စံနှုန်းများကို SWIA တွင် ထင်ရှားစွာ ဖော်ပြထားပါသည်။ အထူးသဖြင့် ကုလသမဂ္ဂ (UN)၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအဖွဲ့ (OECD) တို့မှ သက်ဆိုင်ရာ စံနှုန်းများ ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံ တိုးမြင့်လာသည့် ယခုအချိန်တွင် တာဝန်သိသော စီးပွားရေးလုပ်ငန်းဆောင်ရွက်မှု တိုးမြင့်စေရေးအတွက် ယင်းစံနှုန်းများကို မူဝါဒရေးဆွဲရေးနှင့် လုပ်နည်းလုပ်ဟန်အတွင်း မည်သို့ထည့်သွင်းနိုင်မည်ကို အကြံပြုဖော်ပြထားပါသည်။

SWIA သည် နိုင်ငံတကာနှင့် မြန်မာကုမ္ပဏီများအား ကမ္ဘာ့ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးများဆိုင်ရာ အခြေခံလမ်းညွှန် စည်းမျဉ်းများ၊ ကမ္ဘာ့ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးများဆိုင်ရာ အခြေခံ လမ်းညွှန်စည်းမျဉ်းများ (UN Guiding Principles on Business and Human Rights – UNGPs) များနှင့်အညီ ဆောင်ရွက်သော လူ့အခွင့်အရေးများ လေးစားလိုက်နာမှုရှိရေးအတွက် အလေးဂရုပြု ကြိုးပမ်းအားထုတ်မှု (due diligence) ဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် အထောက်အကူ ပြုမည်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းကြီးများအတွက်လည်း လုပ်ငန်းအဆင့် (project level)နှင့် သက်ဆိုင်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝများ အပေါ် သက်ရောက်မှုများအား ဆန်းစစ်ခြင်း(ESIA)ဆိုင်ရာ အသေးစိတ်လေ့လာဆန်းစစ်ချက်များ လေ့လာနိုင်ရန် ထည့်သွင်းဖော်ပြထားပါသည်။ အလားတူ အရေးကြီးသောအချက်မှာ လုပ်ငန်းဆောင်ရွက်စဉ်တစ်လျှောက် ဖြစ်ပေါ် လာနိုင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဘဝဆိုင်ရာ ပြဿနာများအား စီမံထိန်းသိမ်းနိုင်ရန် သင့်တော်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝများအတွက် စီမံခန့်ခွဲမှုစီမံကိန်း (Environmental and Social Management Plans- ESMPs) များ ရေးဆွဲရေးအတွက် အကြံဉာဏ်များကို SWIA တွင် ဖော်ပြထားခြင်းဖြစ်ပါသည်။

ESIA နှင့် ESMP တို့သည် မြန်မာနိုင်ငံတွင် ဆန်းသစ်သော အယူအဆများ ဖြစ်ပါသည်။ ESIA များ လုပ်ဆောင်ရန် သတ်မှတ်ထားသော ကုမ္ပဏီများအနေဖြင့် မိမိတို့၏လုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းအပေါ် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုအမျိုးမျိုးကို တည်ဆဲဥပဒေအရ လိုအပ်သော အတိုင်းအတာထက် ကျော်လွန်၍ ဖြေရှင်းဆောင်ရွက်ရန် SWIA က အားပေးပါသည်။ သို့ဖြင့် လေ့လာဆန်းစစ်မှုများမှ ဖြစ်နိုင်ခြေ အလားအလာရှိသည့် သက်ရောက်မှုများအား ပြည့်ပြည့်စုံစုံ၊ ထိထိရောက်ရောက် လေ့လာသိရှိနိုင်ပါမည်။ စီးပွားရေးလုပ်ငန်းငယ်များအတွက်လည်း နိုင်ငံတကာစံနှုန်းများ၊ စည်းမျဉ်းများနှင့် အသုံးဝင်မည့် နည်းလမ်းကိရိယာများကို ရည်ညွှန်းဖော်ပြပါမည်။

နိုင်ငံတော်အစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များအား ကုမ္ပဏီများ၏ လုပ်ဆောင်မှုများအား စည်းမျဉ်းများနှင့်အညီ ထိန်းသိမ်းပေးရသော၊ စောင့်ကြည့်လေ့လာသော ၎င်းတို့၏ အခန်းကဏ္ဍများအား ဆောင်ရွက်နိုင်ရေးနှင့် ကုမ္ပဏီများအား မေးမြန်းသင့်သော မေးခွန်းများကို မေးမြန်းနိုင်စေရေးအတွက် ပံ့ပိုးမှုပေးရန်လည်း SWIA က ရည်ရွယ်ပါသည်။ ESIA များအပြင် လုပ်ငန်းလည်ပတ်မှုကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိ ကာကွယ်တားဆီးရန် အခြားသောအစီအမံများ ဆောင်ရွက်ရာတွင်လည်း လူ့အခွင့်အရေးဆိုင်ရာအချက်များကိုလည်း ထည့်သွင်းစဉ်းစားရန် ထင်ရှားစွာဖော်ပြထားပါသည်။ ဥပမာ - ခရီးသွားလုပ်ငန်း၏ တန်ဖိုးမြှင့် လုပ်ငန်းစဉ်များ (value chain) အတွင်းရှိ စီးပွားရေးလုပ်ငန်း အချင်းချင်း၏ ဆက်သွယ်ချက်။

**ဤ အစီရင်ခံစာ အနှစ်ချုပ်ပါ အကြံပြုချက်များကို အပိုင်းသုံးပိုင်း ခွဲခြားနိုင်ပါသည်။**

၁။ ခရီးသွားလုပ်ငန်းကဏ္ဍတွင် လက်ရှိဆောင်ရွက်နေသော နိုင်ငံတော်အစိုးရ၏ လုပ်ငန်းများ။ ဥပမာ - အောက်ပါတို့၏ သက်ဆိုင်ရာ အစိတ်အပိုင်းများ **အကောင်အထည်ဖော်မှုကို အားပေးပံ့ပိုးသော** အကြံပြုချက်များ-

- မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံကိန်း၊ ၂၀၁၃ - ၂၀၂၀ ခုနှစ်။
- မြန်မာနိုင်ငံ တာဝန်သိသော ခရီးသွားလုပ်ငန်းမူဝါဒ ၊ ၂၀၁၂ ခုနှစ်။
- မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေးမူဝါဒ၊ ၂၀၁၃ ခုနှစ်။
- သဘာဝပတ်ဝန်းကျင်အခြေပြု ခရီးသွားလုပ်ငန်း မူဝါဒနှင့် စီမံခန့်ခွဲမှု မဟာဗျူဟာ (ဆောင်ရွက်ဆဲ)

ခရီးသွားလုပ်ငန်းကဏ္ဍအတွက် အလျှိုရှင် အဖွဲ့အစည်းများ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်သော အသက်မွေးဝမ်းကျောင်း သင်တန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများက လူ့အခွင့်အရေး အခြေပြုလုပ်ရှားမှုများ လုပ်ဆောင်ခြင်းကိုလည်း ပံ့ပိုးမှုပေးရန် အကြံပြုချက်များတွင် ပါဝင်ပါသည်။ ဥပမာ- ကလေးများ အားအသုံးချသော လိင်အပျော်ခရီးသွားလုပ်ငန်းအား တိုက်ဖျက်ခြင်းဆိုင်ရာ ကျင့်ဝတ်ကို လက်မှတ်ရေးထိုးရန်ခရီး သွားလုပ်ငန်း ကုမ္ပဏီများကို အားပေးရန် ဖြစ်ပါသည်။

၂။ စီးပွားရေးလုပ်ငန်းကဏ္ဍများနှင့် သက်ဆိုင်သော **ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ရာတွင် လူ့အခွင့်အရေး အခြေပြုနည်းလမ်းများကို အားပေးထောက်ခံသော** အကြံပြုတင်ပြချက်များ။ ထိုပြုပြင် ပြောင်းလဲမှုများသည် ခရီးသွားလုပ်ငန်းကဏ္ဍ၏ သက်ရောက်မှုများကို စီမံရာတွင် အရေးပါသည်။ ဥပမာ-

- ရင်းနှီးမြှုပ်နှံမှုဥပဒေ(များ)။
- အလုပ်သမားဥပဒေများ ပြုပြင်ပြောင်းလဲရေး၊ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းခွင့်၊ လူအများပါဝင်နိုင်သော ဆွေးနွေးပွဲများပြုလုပ်ခြင်း။
- သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေနှင့် EIA လမ်းညွှန်ချက်များ။
- မြေအသုံးပြုမှု ဆိုင်ရာမူဝါဒနှင့် မြေယာဥပဒေများ။
- ပို့ဆောင်ဆက်သွယ်ရေး မဟာစီမံကိန်း။
- ကမ်းရိုးတန်းဒေသ ကမ်းခြေနယ်မြေများအတွက် လမ်းညွှန်ချက်များ။
- ပွင့်လင်းမြင်သာမှု ပိုမိုရရှိရန်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်။

၃။ လက်ရှိခရီးသွားလုပ်ငန်းများတွင် ကနဦးကြိုးပမ်းမှုများ၌ တွေ့ရှိရသော လစ်ဟာချက်များ၊ ၎င်းကြိုးပမ်းမှုများ အကြား ဖြစ်ပေါ်နေသော ဆန့်ကျင်ဘက်အခြေအနေများ (tensions)ကြောင့်ဖြစ်သော ဆိုးကျိုးသက်ရောက်မှုများ ကို ဖြေရှင်းဆောင်ရွက်ရန် အကြံပြုတင်ပြချက်များ။



ဤအကြံပြုချက်များမှာ ကွင်းဆင်းသုတေသနနှင့် တစ်ဆင့်ရရှိသော စာတမ်းများ၊ သတင်းမှတ်တမ်းများအား အခြေခံသော သုတေသနပြုလုပ်ရာမှ တွေ့ရှိချက်များအပေါ် အခြေခံထားခြင်း ဖြစ်ပါသည်။

အချို့ကိစ္စရပ်များသည် SWIA မှ ထင်ရှားစွာ ပေါ်ထွက်လာပါသည်။ ပထမဆုံးအနေဖြင့် **ပုဂံ၊ အင်းလေးနှင့် ကျိုက်ထီးရိုးကဲ့သို့သော မြန်မာနိုင်ငံ၏ ထင်ရှားသော ခရီးသွားနေရာဒေသအချို့သည် ခရီးသွားလုပ်ငန်း၏ သက်ရောက်မှုများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝများအပေါ် ဖိအားပေးမှု** ကြုံတွေ့နေရပြီဖြစ်ကြောင်း တွေ့ရပါသည်။ သို့ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်၊ ခရီးသွားများ လာရောက်ရာနေရာများအဖြစ် ယင်းဒေသများ၏ ကာလရှည်တည်တံ့နိုင်မှုအပေါ်တွင် သက်ရောက်မှုများ ဖြစ်ပေါ်စေပါသည်။ ယင်းအခြေအနေ အခက်အခဲသည် တိုးပွားလာခြင်းနှင့် ပြည်ပမှ ခရီးသွားများကြောင့်သာမက ပြည်တွင်းမှ ခရီးသွားများကြောင့်လည်း အလားတူပင် ဖြစ်ပွားပါသည်။ အထူးသဖြင့် အချို့သော ဘုရားဖူးနေရာဒေသများတွင် ပြည်တွင်းခရီးသွားအရေအတွက်သည် ပြည်ပခရီးသွား အရေအတွက်ထက် များစွာသာလွန်နေပါသည်။ ထို့ကြောင့် ခရီးသွားများလာရောက်သည့် နေရာဒေသ စီမံခန့်ခွဲမှု စီမံကိန်းများ လိုအပ်ကြောင်း ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ ခရီးသွားလုပ်ငန်း မဟာစီမံကိန်းတွင်လည်း ဖော်ပြထားပြီး ဖြစ်ပါသည်။ ခရီးသွားများလာရောက်သည့် နေရာဒေသကို ထပ်မံ၍ ဈေးကွက်ရရှိရေး မဆောင်ရွက်မီ (သို့မဟုတ်) ဟိုတယ်အခန်းများ တိုးချဲ့မတည်ဆောက်မီ ဦးစွာ ယင်းစီမံကိန်းများတွင် သက်ဆိုင်ရာနေရာဒေသ၏ လက်ခံနိုင်သော စွမ်းရည်ဆိုင်ရာမေးခွန်းအား ဖြေရှင်းဆောင်ရွက်ရန်လိုပါသည်။ ယင်းစီမံကိန်းများ ရေးဆွဲဖော်ဆောင်ရန် နယ်မြေဒေသ အစိုးရအဖွဲ့က ဦးဆောင်လျက် အများပြည်သူ၊ ပုဂ္ဂလိကနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ပြီး ခရီးသွားများလာရောက်သည့် နေရာဒေသ စီမံခန့်ခွဲရေး အဖွဲ့အစည်းများဖြင့် ဆောင်ရွက်ရန် လိုအပ်ပါမည်။ ခရီးသွားလုပ်ငန်း စီမံကိန်းရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့တွင် အခြေခံလူတန်းစားများ ပါဝင်ရန်လည်း လိုအပ်သည်။ ခရီးသွားများလာရောက်သည့် နေရာဒေသစီမံခန့်ခွဲမှုအား ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ဒေသအုပ်ချုပ်မှုနှင့်ဆိုင်သော ကိစ္စရပ်ဖြစ်ပါသည်။ နယ်မြေဒေသအတွင်း အုပ်ချုပ်မှု တိုးတက်ကောင်းမွန်စေရန် ရင်းနှီးမြှုပ်နှံလိုသော အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ခရီးသွားများလာရောက်သည့် နေရာဒေသ စီမံခန့်ခွဲရေး အဖွဲ့အစည်းများနှင့် ထိပ်တန်းခရီးသွားနေရာဒေသများတွင် ရင်းနှီးမြှုပ်နှံရန် အရေးတကြီး လိုအပ်ချက်ကို ထည့်သွင်း စဉ်းစားသင့်ပါသည်။

SWIA ကွင်းဆင်းသုတေသန ပြုလုပ်ရာမှ မကြာခဏတွေ့ရှိရသော ဆိုးကျိုးသက်ရောက်မှုများမှာ မြေယာများအား ဟိုတယ်ဇုန်စီမံကိန်းအတွက် ဒေသခံခွင့်ပြုချက်မပါ သိမ်းယူပြီး ဟိုတယ်များ တစ်စုတစ်စည်းတည်း တည်ဆောက်ရန်ကြိုတင်နေရာ သတ်မှတ်သိမ်းယူသည့်ကိစ္စရပ်ဖြစ်ပြီး အထက်တွင်ဖော်ပြခဲ့ပြီးသော အများပါဝင်ဆွေးနွေးနိုင်သော ခရီးသွားများလာ ရောက်သည့်နေရာဒေသအား စီမံခန့်ခွဲသည့်ပုံစံ (Participatory destination management) ဖြင့် ဆောင်ရွက်ခြင်းမပြုသည့် အတွက်ကြောင့်ဖြစ်သည်။ မြေနေရာ လိုအပ်သော လုပ်ငန်းအတွက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံပါက ရင်ဆိုင်ရနိုင်သည့် အရှုပ်ထွေးဆုံး စိန်ခေါ်မှုမှာ မြေယာကိစ္စ ဖြစ်နိုင်ကြောင်းလည်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် မြေယာနှင့်ဆိုင်သော မူဝါဒနှင့်ဥပဒေများ ပြုပြင်ပြောင်းလဲ ရေးမှာလည်း မပြည့်စုံသေးပါ။ ဥပဒေစည်းမျဉ်းအဟောင်းများနှင့်အသစ်များ ရောနှောလျက်ရှိပြီး ထပ်နေသော အကြောင်းအရာ ချက်အလက်များ၊ အဓိပ္ပာယ်အားဖြင့် ဆန့်ကျင်ဘက်ဖြစ်နေသော အချက်အလက်များ၊ ရှုပ်ထွေးသော ဖော်ပြချက်များလည်း ရှိနေပါသည်။ ယင်းတို့ကို အသုံးပြုလျက် မြေယာသိမ်းယူခြင်းများပြုလုပ်နိုင်ပြီး ယခင်ကလည်း ယင်းသို့ သိမ်းယူခဲ့ဖူးပါသည်။ မြေယာသည် ကျေးလက်နေမိသားစုများအတွက် အရေးပါဆုံးသော ပိုင်ဆိုင်မှု ဖြစ်ပါ သည်။ သို့ရာတွင် တည်ဆဲမြေယာဥပဒေများနှင့် အသစ်ရေးဆွဲပြဋ္ဌာန်းသော မြေယာဥပဒေများတွင် အကာအကွယ်ပေးမှု နည်းပါးခြင်းကြောင့် ခေါင်းပုံဖြတ်ခံရမည့် အန္တရာယ် ကျရောက်လွယ်လျက် ရှိပါသည်။

ဟိုတယ်ဇုန်များကြောင့် ဖြစ်ပေါ်သော ဆိုးကျိုးသက်ရောက်မှုများမှာ အနာဂတ် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေး အခွင့်အလမ်း၊ **မြေယာနှင့်ပတ်သက်သော အခွင့်အရေးများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပွင့်လင်းမြင်သာမှု**အပေါ် ဆိုးကျိုးသက်ရောက်မှုများအပါအဝင်**အသက်မွေးဝမ်းကျောင်းလုပ်ငန်း**များကို ထိခိုက်မှုနှင့် ဆက်စပ်နေပါသည်။ **ပဋိပက္ခကို မောင်းနှင်ပေးသော အကြောင်းအချက်**တစ်ရပ်လည်း

ဖြစ်နိုင်ပါသည်။ ခရီးသွားလုပ်ငန်း မဟာစီမံကိန်းတွင်လိုအပ်သည်ဟု ဖော်ပြထားသော ဟိုတယ်ဇုန် ဖွံ့ဖြိုးရေးလုပ်ငန်း၏ အနေအထား ကို အရေးတကြီး ပြန်လည်သုံးသပ်ရန် လိုအပ်ချက်ရှိကြောင်း ဤဆန်းစစ်လေ့လာမှုမှ အခိုင်အမာ ဖော်ပြနေပါသည်။ မဟာစီမံကိန်းတွင် ဖော်ပြထားသည့်အတိုင်း ဇုန်အလိုက် စီမံကိန်းမူဘောင် ရေးဆွဲရေး အထောက်အကူ ပြုရန်အတွက် ပတ်သက်ဆက်ဆိုင်သူ အများပါဝင်သော အခြေအတင်ဆွေးနွေးမှုဖြင့် ဤလုပ်ငန်းစဉ် ကို စတင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အကြံပြုပါသည်။ ရည်ရွယ်ချက်မှာ သဘာဝနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ကိုလည်းကောင်း၊ နယ်မြေခံ ပြည်သူလူထု၏ သာယာဝပြောမှုကိုလည်းကောင်း၊ ထိခိုက်စေနိုင်သော သက်ရောက်မှုများ ကို ရှောင်ရှားနိုင်ရန် ဖြစ်ပါသည်။ ဟိုတယ်ဇုန်များ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ချက် ပြီးစီးသည်အထိ ဆိုင်းငံ့ထားရန် အကြံပြုပါသည်။

ဤအချက်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍဆိုင်ရာ SWIA မှထပ်မံတွေ့ရှိရသော အချက်မှာ (ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းကဏ္ဍအတွက် လည်းအလားတူပင် ဖြစ်ပါသည်) **စီးပွားရေး လုပ်ငန်းများအနေဖြင့် အခြားသော ပတ်သက် ဆက်နွယ်နေသူများနှင့် စစ်မှန်သော အပြန်အလှန် ဆက်သွယ်ပြောဆိုခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်းတို့မှာ သမိုင်း တစ်လျှောက် လုံးဝမရှိခဲ့သလောက်ပင် ဖြစ်ပါသည်။** သို့ဖြင့် ယုံကြည်မှုမရှိခြင်း၊ နားလည်မှုလွဲမှားခြင်း၊ ရံဖန်ရံခါ ပဋိပက္ခများအားလည်း ပေါ်ပေါက်စေခဲ့ပါသည်။ ပထမဆုံးအကြိမ် စတင်ရင်းနှီးမြှုပ်နှံသော စီးပွားရေးလုပ်ငန်းများဖြစ်စေ၊ ယခင်ကတည်းက လုပ်ငန်းများဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများဖြစ်စေ၊ အလုပ်သမားများ၊ ဒေသခံရပ်ရွာ လူထု၊ ပြည်ထောင်စုအဆင့်ရှိ ပတ်သက်ဆက်နွယ်သူများ၊ ဒေသတွင်း၊ နိုင်ငံတွင်း သတင်းမီဒီယာများတို့နှင့် ပိုမို၍ ထိတွေ့ ဆောင်ရွက်ခြင်း၊ တွေ့ဆုံခြင်းတို့မှတစ်ဆင့် ဒေသအတွက်အဓိကအရေးပါသော ကိစ္စရပ်များနှင့် ဒေသခံများ၏ စိုးရိမ်ပူပန်မှုများကို အသေးစိတ် နားလည်သဘောပေါက်ရန် လိုအပ်သည်။

အလုပ်သမားများ၊ ရပ်ရွာပြည်သူလူထုများနှင့် လိုအပ်သလိုတွေ့ဆုံဆွေးနွေးခြင်းနှင့် သင့်တင့်လျောက်ပတ်သော ဆက်ဆံရေးအခြေအနေတစ်ခုအား မူလကပင် တည်ဆောက်ထားရန် အရေးကြီးပါသည်။ သို့မှသာ ၎င်းတို့ကို အလေး ဂရုပြုကြောင်း ပြသနိုင်ပါမည်။ မကြာသေးမီအချိန်အထိ ၎င်းတို့မှာ လျစ်လျူရှုခံရခြင်း၊ တိုင်ကြားပါက လက်တုံ့ပြန်ခြင်း တို့ကို ရင်ဆိုင်ခဲ့ရပါသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး စီမံကိန်းများကို ကနဦးကပင် ပတ်သက်ဆက်စပ်နေသူအများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းတို့အပေါ် အခြေခံလျက် လုပ်ဆောင်သင့်ပါသည်။ ဤအချက်မှာ **တိုင်းရင်းသားလူနည်းစုနှင့် ပဋိပက္ခလွန်ဒေသများ**တွင် အထူးသဖြင့် အရေးကြီးပါသည်။ ပဋိပက္ခအကြောင်းနှင့် ရပ်ရွာ အတွင်း အပြန်အလှန် ဆက်စပ်ထိတွေ့ပြောင်းလဲပုံများကို ပိုမိုပြည့်စုံစွာ သိရှိနိုင်ရန်နှင့် ခရီးသွားများ လာရောက်နိုင်ရေး အတွက် နယ်မြေဒေသကို မည်သို့မည်ပုံ ဖွင့်လှစ်ပေးသင့်ကြောင်းနှင့် အကျိုးကျေးဇူးများကို မည်သို့မည်ပုံမျှဝေသင့် ကြောင်း နယ်မြေခံများ၏ ဆန္ဒကို နားလည်နိုင်ရန်သက်ဆိုင်ပါဝင်သူများနှင့် ဖြစ်နိုင်သမျှ ကျယ်ပြန့်စွာ တိုက်ရိုက်ထိတွေ့ ဆောင်ရွက်ရေးမှာ အထူးအရေးကြီးပါသည်။ ထို့အပြင် တိုင်ကြားချက်များကို ထိရောက်စွာ ဖြေရှင်းရေးအတွက် တရားစီရင်ရေးဆိုင်ရာ အစီအမံများနှင့် တရားစီရင်ရေးပြင်ပမှ အစီအမံများမရှိခြင်းကြောင့် အပြုသဘောဆောင်ပြီး၊ တိုင်ကြားမှုများကို ဖြေရှင်းပေးနိုင်သော အောက်ခြေလုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုနိုင်သည့် တိုင်ကြားရေးစနစ် များရှိရန်မှာ ပို၍ပင်အရေးကြီးပါသည်။

နောက်ဆုံးအနေဖြင့် ဤအကူးအပြောင်းကာလတွင် သိမြင်နားလည်မှု အားနည်းခြင်းနှင့် နိုင်ငံတော်အစိုးရ၊ စီးပွားရေး လုပ်ငန်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင် လုပ်ဆောင်နိုင်မှု စွမ်းဆောင်ရည် အားနည်းနေသေးခြင်းတို့ ကြောင့် သဘာဝပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်းနှင့် လူ့အခွင့်အရေးများဆိုင်ရာ ကာကွယ်စောင့်ရှောက်ပေးမှုများ မရှိ ခြင်း၊ စောင့်ကြည့်လေ့လာမှုများ အားနည်းခြင်းနှင့် ချမှတ်စည်းကမ်းများအတိုင်း လိုက်နာစေရန်အရေးယူ ဆောင်ရွက်မှု အားနည်းခြင်းများ ဖြစ်ပါသည်။ အလုပ်သမားဥပဒေများ လျင်မြန်စွာပြောင်းလဲနေပြီး အလုပ်သမားများ၏ အခွင့် အရေးများနှင့်ပတ်သက်သော နားလည်သဘောပေါက်မှု နည်းပါးခြင်းကြောင့် အလုပ်သမားများနှင့် အချို့သောကိစ္စရပ် များတွင် အလုပ်ရှင်များကိုယ်တိုင် အခြေခံအကျဆုံးသော **အလုပ်သမားအခွင့်အရေး**များအား **ကာကွယ်စောင့်ရှောက် ခြင်း**ဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ ကောင်းစွာ မသိရှိ ဖြစ်နေတတ်ပါသည်။ အခြားနိုင်ငံများတွင် ယင်း လုပ်ငန်းတာဝန်ကို အလုပ်သမားသမဂ္ဂများက ဆောင်ရွက်ကြသော်လည်း မြန်မာနိုင်ငံတွင် အလုပ်သမားသမဂ္ဂများမှာ

နှစ်ပေါင်းများစွာ တားမြစ်ပိတ်ပင်ခံရပြီးနောက် ယခုမှသာ ဖွဲ့စည်းလာကြခြင်း ဖြစ်ပါသည်။ ယခင် တပ်မတော်အစိုးရ လက်ထက်က ပေါ်ပေါက်ခဲ့သော အဓမ္မ အလုပ်ခိုင်းစေမှုများသည်လည်း လုံးဝနီးပါး ပပျောက်သွားပြီ ဖြစ်ပါသည်။ သို့ရာတွင် ယာယီအလုပ်သမားများနှင့် အလုပ်သမားရှာဖွေရေး ကန်ထရိုက်လုပ်ငန်းများကို ပိုမို အသုံးပြုလာခြင်း၊ နိုင်ငံတော်အစိုးရက ဥပဒေသစ်များနှင့်အညီ အရေးယူဆောင်ရွက်မှု အားနည်းနေသေးခြင်းတို့ကြောင့် အလုပ်သမား များ အထူးသဖြင့် **အမျိုးသမီးအလုပ်သမားများ**ကဲ့သို့သော အခက်အခဲပြဿနာများ ပိုမိုတွေ့ကြုံဖွယ်ရှိသည့် အုပ်စုများ အတွက် ခေါင်းပုံဖြတ်မှုအား အခြားပုံစံများ အစားထိုးဝင်ရောက်လာမည့် အန္တရာယ် ရှိနေပါသည်။

နိုင်ငံတော်အစိုးရသည် သဘာဝပတ်ဝန်းကျင်(နှင့် လူမှုရေး) ဆိုင်ရာသက်ရောက်မှုအား ဆန်းစစ်လေ့လာသော လုပ်ငန်းစဉ်အသစ်၏ လစ်ဟာမှုများကို ဖြည့်စည်းပေးရန် လက်ငင်း၊ အရေးပါသော အခွင့်အရေးတစ်ရပ် ရရှိထားပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် စီမံကိန်းလုပ်ငန်းကြီးများအတွက် နိုင်ငံတကာဘဏ္ဍာရေးကော်ပိုရေးရှင်း၏ လုပ်ငန်းဆောင်ရွက်ချက်စံနှုန်းများနှင့် ကမ္ဘာ့ဘဏ်အုပ်စု၏ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေး လမ်းညွှန်ချက်များကို လိုက်နာရန် နှစ်ဖက်သဘောတူစာချုပ်  ချုပ်ဆိုရာတွင် ပါဝင်ရမည့် သတ်မှတ်ချက်များ ထားရှိခြင်းဖြင့်ရရှိမည်ဖြစ်သည်။ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများသည် နိုင်ငံတော်အစိုးရ၏ လက်ရှိစည်းမျဉ်းထိန်းချုပ်ရေးနှင့် ဥပဒေအတိုင်း အရေးယူဆောင်ရွက်ရေး စွမ်းဆောင်ရည်ကို ပံ့ပိုးမှုပေးရာတွင်သာမက နောင်အခါတွင် ယင်းလစ်ဟာချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ခိုင်မာသော ပြည်တွင်းဥပဒေများ ပေါ်ပေါက်လာရေးအတွက် ပံ့ပိုးမှုပေးရန် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ၎င်းတို့နိုင်ငံမှကုမ္ပဏီများ အပေါ်တွင်လည်း ၎င်းတို့၏ မိခင်နိုင်ငံအစိုးရကဲ့သို့ ၎င်းတို့၏ ဩဇာသက်ရောက်မှုကို အသုံးပြုလျက်ကုမ္ပဏီများမှ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတကာစံနှုန်းများကို ပြည့်မီသော တာဝန်သိစီးပွားရေးလုပ်ငန်း အပြုအမူများနှင့်အညီ ဆောင်ရွက်စေရန် လုပ်ဆောင်နိုင်ပါသည်။

အခြားအကြံပြုချက်များတွင် နယ်မြေဒေသတွင်း စီးပွားရေး အကျိုးခံစားခွင့်များ ပြန့်နှံ့ပြီး နယ်မြေဒေသတွင်း နယ်ပယ်အလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်၊ ပစ္စည်းနှင့်ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးခြင်းဆိုင်ရာ ဒေသတွင်း **စွမ်းဆောင်ရည် မြှင့်တင်တည်ဆောက်**နိုင်မည့် လုပ်ငန်းအဆင့်များကို ကုမ္ပဏီများက တက်ကြွစွာ ဆောင်ရွက်ရန် အရေးကြီးကြောင်းလည်း ပါဝင်ပါသည်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေးမူဝါဒ (CIT)တွင် အဓိကအလေးထားရမည့် နယ်ပယ်တစ်ရပ် ဖြစ်ပါသည်။ ယင်းမူဝါဒကို အပြည့်အဝဖော်ဆောင်ရန် လိုအပ်ပြီး ညအိပ်ညနေ တည်းခိုလျက် နံနက်စာကျွေးမွေးသည့် အစီအစဉ်များ၊ နောက်ဆုံးအဆင့်တွင် နေအိမ်တွင် တည်းခိုနေထိုင်သည့် အစီအစဉ်များ ပါဝင်စေရန်ဖြစ်ပါသည်။ ကုမ္ပဏီများက **လူမှုဘဝများ**အတွက် ရင်းနှီးမြှုပ်နှံမှု (CSR ဟု အများသိရှိကြသော) အစီအစဉ်များသည် ပရဟိတလုပ်ငန်းများအနေဖြင့် လုပ်ဆောင်မည့်အစား ရပ်ရွာပြည်သူလူထု၏ တောင်းဆိုချက်များ၊ ရပ်ရွာ၏ လိုအပ်ချက်များကို  ဆန်းစစ်လေ့လာခြင်းမှ တွေ့ရှိချက်များ၊ နယ်မြေခံအစိုးရ၏ လုပ်ငန်းအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်ချက်များနှင့်၊ စီးပွားရေးလုပ်ငန်း မဟာဗျူဟာနှင့် ချိတ်ဆက်မှုတို့အပေါ် ဆက်လက်မြှင့်တင်သင့်ပါသည်။

ခရီးသွားအရေအတွက် အများအပြား ဝင်ရောက်လာခြင်းသည် **မြန်မာနိုင်ငံ၏ ထိတွေ့မြင်နိုင်သော၊ ထိတွေ့မမြင်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်**အပေါ် ဆိုးကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။ စီးပွားရေးလုပ်ငန်းများအနေဖြင့် မဆီလျော်သော ပြုမူလုပ်ဆောင်မှုများကို ခရီးသွားများအတွက် စီစဉ်ပေးခြင်း၊ သဘာဝအမွေအနှစ် အပါအဝင် အမွေအနှစ်နေရာများကို ထိခိုက်စေသော အဆောက်အဦများ ဆောက်လုပ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ **ယဉ်ကျေးမှုအမွေအနှစ်**ကို ထိခိုက်မည့်လုပ်ရပ်များ မလုပ်ဆောင်ရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့လာရောက်သည့် ခရီးသွားများသည် နယ်မြေဒေသ ဓလေ့ထုံးတမ်းနှင့် အစဉ်အလာများ၊ ဘာသာရေးနှင့် ဝတ်စားဆင်ယင်မှုတို့ကို လေးစားရန် လိုအပ်ပါသည်။

စီးပွားရေးလုပ်ငန်းများအနေဖြင့် **အခက်အခဲပြဿနာများ ကျရောက်နိုင်သောလူအုပ်စုများ**၏ အခွင့်အရေးကို လေးစားရန် တက်ကြွသောဆောင်ရွက်မှုများ လုပ်ဆောင်ရန် လိုအပ်ပါသည်။ SWIAတွင် မြန်မာနိုင်ငံရှိ **ခွဲခြားဆက်ဆံခြင်း**ဆိုင်ရာ အခြေအနေကို ဖော်ပြထားပြီး ဘာသာရေးအရ လူနည်းစုများ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ လိင်တူချစ်သူများ

(LGBT) အပါအဝင် အချို့သော လူအုပ်စုများနှင့် စပ်လျဉ်း၍ ဥပဒေများနှင့် လူ့အဖွဲ့အစည်း၏ သဘောထားများ နှစ်ရပ်စလုံးအပေါ် အခြေပြုပါသည်။ ယေဘုယျအားဖြင့် မြန်မာနိုင်ငံတွင် ခွဲခြားဆက်ဆံခြင်းများ လျော့နည်းကျဆင်းပြီး လူနည်းစု အခွင့်အရေးများကို အသိအမှတ်ပြုမှုသို့ ဦးတည်ပြောင်းလဲသည့် လားရာကို တွေ့နိုင်ပါသည်။ သို့ရာတွင် ဘာသာရေးခွဲခြားဆက်ဆံမှုနှင့် ဘာသာရေးနှင့် ဆက်နွယ်သော အကြမ်းဖက်မှုများသည် တိုးပွားလာနေသည့် ပြဿနာ များဖြစ်ပြီး အထူးသဖြင့် မကြာသေးမီက မွတ်ဆလင် အသိုင်းအဝိုင်းတွင် ပိုမိုတွေ့ကြုံခံစားနေကြရသည်။ ခရီးသွား လုပ်ငန်းများသည်လည်း ယင်းအုပ်စုအများအပြားအပေါ် သက်ရောက်မှုရှိနိုင်ပါသည်။ ၎င်းတို့၏ဘဝရပ်တည်ရန် ပိုမို ခက်ခဲစေနိုင်သကဲ့သို့ အလုပ်သမားများ တန်းတူအခွင့်အရေးရှိစေခြင်း၊ သင့်တင့်လျောက်ပတ်သော တားဆီးကာကွယ် ရေးနှင့် ထိခိုက်မှုနည်းပါးစေရေး မဟာဗျူဟာများ ကျင့်သုံးခြင်း၊ ပတ်ဝန်းကျင်နှင့် ထိရှလွယ်သော အုပ်စုများအတွက် လိုအပ်သော အခြေခံအဆောက်အဉီ၊ ဝန်ဆောင်မှုများ သို့မဟုတ် ဝင်ငွေရရှိရေး အခွင့်အလမ်းများကို ပံ့ပိုးမှုပေးသည့် လူမှုရေးရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏အခြေအနေ ပိုမိုတိုးတက် ကောင်းမွန်လာစေရန် လည်း ဆောင်ရွက်နိုင်ပါမည်။ အများပါဝင်နိုင်စေသည့် စီးပွားရေးအလေ့အထများ ကျင့်သုံးခြင်းမှာ ပိုမိုကျယ်ပြန့်သော မြန်မာ့လူ့အဖွဲ့အစည်းအတွက်လည်း အရေးပါသော အချက်ပြသင်္ကေတ ဖြစ်ပါသည်။

**ကလေးသူငယ်များ**သည် ခရီးသွားလုပ်ငန်းကြောင့် ဖြစ်ပေါ်သည့် သက်ရောက်မှုများ၊ထိခိုက်မှုများကိုခံစားရနိုင်သူများ တွင် အဓိကပါဝင်သည်။ အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံမှ သင်ခန်းစာများကို ကြည့်ခြင်း ဖြင့် ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများနှင့် ခရီးသွားများအနေဖြင့် 'မိဘမဲ့ဂေဟာများသို့ သွားရောက်သည့် ခရီးသွား လုပ်ငန်း'နှင့် အခြားသော 'စေတနာ့ဝန်ထမ်း ခရီးသွားလုပ်ငန်းများ' လုပ်ဆောင်ခြင်းဖြင့် ကလေးသူငယ်များအပေါ် ထိခိုက်နိုင်သည့် အလားအလာအကြောင်း သိမြင်နားလည်မှု မြှင့်တင်ရေး အရေးကြီးပုံကို ထင်ရှားစွာတွေ့ရပါသည်။ ခရီးသွားများအနေဖြင့် ကလေးသူငယ်များ ကျောင်းမနေဖြစ်စေရန် အားပေးသည့် အပြုအမူများ မပြုမူရန် အရေးကြီး ကြောင်းလည်း တွေ့ရှိရပါသည်။ ကလေးများအား အသုံးချသော လိင်အပျော်ခရီးသွားလုပ်ငန်းကို တိုက်ဖျက်ရန် " The CODE" နှင့် "Child Safe" ကဲ့သို့သော မူဘောင်များရှိပြီး ဖြစ်ပါသည်။ စုပေါင်းဆောင်ရွက်မှုအား အားပေးရန်နှင့် အခြားနိုင်ငံများတွင် ပြုလုပ်ခဲ့ပြီးဖြစ်သော အမှားအယွင်းများကို ရှောင်ရှားနိုင်ရန် မြန်မာနိုင်ငံတွင် ကျင့်သုံးနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍမှာ အရေးပါသောနေရာတွင် ရောက်ရှိနေပါသည်။ ၂၀၁၃ ခုနှစ်တွင် ဆိုက်ရောက် လာသူ (၂) သန်း ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် (၃)သန်းသို့ တိုးမြင့်လာပါသည်။ ယင်းတို့အနက် (၂၄)နာရီထက် ကျော်လွန် နေထိုင်မည့် အစစ်အမှန် ခရီးသွားများအပြင် နေ့ချင်းပြန် ဧည့်သည်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံသို့ ပြန်လာသော မြန်မာများ၊ ခရီးသွားဗီဇာဖြင့်ဝင်ရောက်သော အခြားသူများ ပါဝင်မည်ဖြစ်သော်လည်း ခရီးသွား အရေ အတွက်မှာ တိုးမြင့်လျက်ရှိပါသည်။ အခြေခံအဆောက်အဦနှင့် လူ့အဖွဲ့အစည်းအနေဖြင့် ပြည်ပခရီးသွား အများ အပြားကို လက်ခံရန်နှင့် ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားလုပ်ငန်းတိုးချဲ့ရန် အသင့်အနေအထား မရှိပါ။ ခရီးသွား အရေအတွက်ကို အဓိက အာရုံစူးစိုက်မည့်အစား ခရီးသွားကဏ္ဍ ရေရှည်တည်တံ့သောနည်းလမ်းဖြင့် ဖွံ့ဖြိုးရေးကို စိတ်ပါဝင်စားသူ အားလုံးအနေဖြင့် အာရှတိုက်အတွင်းရှိ အခြားနေရာဒေသများတွင် ရရှိခဲ့ပြီးသော သင်ခန်းစာများကို စဉ်းစားဆင်ခြင်ရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ထူးခြားသော ခရီးသွားအတွေ့အကြုံကို ခံစားလိုသော ငွေကြေးအများ အပြား အသုံးပြုမည့် ခရီးသွားဦးရေ အရေအတွက် အနည်းငယ်သာ လာရောက်သော နေရာဒေသအဖြစ် မြန်မာ ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်စေနိုင်ဖွယ်ရာ ရှိပါသည်။ ခရီးသွားအရေအတွက် များပြားစေရန် ဆွဲဆောင်သော မဟာဗျူဟာသည် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်နှင့်ယဉ်ကျေးမှုကို ထိခိုက်ပျက်ပြားစေနိုင်သောကြောင့် 'ရွှေဥ ဥသောငန်း' ကို လုပ်ငန်းစတင်၍ မကြာမြင့်မီ သေစေသကဲ့သို့ ဖြစ်နိုင်ပါသည်။

## အကြံပြုချက်များ

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍတွင် အဓိကလုပ်ငန်းဆောင်ရွက်နေသူများအတွက် အကြံပြုချက်များကို အောက်တွင် အကျဉ်းဖော်ပြထားပါသည်။ ယင်းအကြံပြုချက်များကို အပြည့်အစုံ ရှင်းလင်းဖော်ပြချက်များနှင့် ယင်းတို့ကို မည်သို့ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း အစီရင်ခံစာ အပြည့်အစုံ (full report) တွင် ဖော်ပြထားပါသည်။ (အပိုင်း ၅)။

### နိုင်ငံတော်အစိုးရအတွက် အကြံပြုချက်များ

၁။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံကိန်း၏ မဟာဗျူဟာလုပ်ငန်း အစီအစဉ် ၃၊ တာဝန်သိသော ခရီးသွားလုပ်ငန်းမူဝါဒနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့ အစည်းများ ပါဝင်ဆောင်ရွက်ရေးမူဝါဒ (CIT) တို့ကို အပြည့်အဝ အကောင်အထည်ဖော်ရန်။

၂။ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်သော လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ကိစ္စရပ်များအတွက် စည်းမျဉ်းထိန်းချုပ်ရေးနှင့် မူဝါဒဆိုင်ရာမူဘောင်ကို အားကောင်းစေရန်။

၃။ ပိုမိုကောင်းမွန်သော ခရီးသွားလုပ်ငန်းကဏ္ဍဆိုင်ရာစည်းမျဉ်းများ သတ်မှတ်ရန်။

၄။ ဒေသအဆင့် အပါအဝင် မူဝါဒချမှတ်ရေး၊ စည်းမျဉ်းထိန်းချုပ်ရေးနှင့် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်သော အာဏာပိုင်များ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးရန်။

၅။ စည်းမျဉ်းထိန်းချုပ်ရေးနှင့် မူဝါဒဆိုင်ရာ မူဘောင်များ သိမြင်နားလည်မှုအား မြှင့်တင်ရန်။

၆။ ပွင့်လင်းမြင်သာရှိရန်အတွက် ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်။

၇။ ရှိရင်းနှင့် အသစ်ပေါ်ပေါက်လာသော ခရီးသွား ဒေသများအတွက် ဇုန်အလိုက် စီမံကိန်းရေးဆွဲရေး မူဘောင်များ ကျင့် သုံးခြင်းနှင့် သက်ရောက်မှုများအား လေ့လာဆန်းစစ်သည့် ရေရှည်စီမံကိန်းများ လုပ်ဆောင်ရန်။

၈။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နယ်မြေခံရပ်ရွာများ ပါဝင်ရေး၊ ၎င်းတို့နှင့် တိုင်ပင်ဆွေးနွေးရေးနှင့် ၎င်းတို့ကို ထည့်သွင်းရေးက ဆက်လက်၍အားပေးရန်။

၉။ တရားစီရင်ရေးအတွင်းနှင့် တရားစီရင်ရေးပြင်ပမှ ကုစားမှုလုပ်ငန်းစဉ်များကို အားကောင်းစေရန်။

### ခရီးသွားလုပ်ငန်းကဏ္ဍရှိ ကုမ္ပဏီများအတွက် အကြံပြုချက်များ

၁။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံကိန်းပါ မူများနှင့် ၎င်းမဟာစီမံကိန်း၏ တာဝန်သိသော ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံကိန်းအပိုင်းကဏ္ဍများကို နိုင်ငံတော်အစိုးရက အကောင် အထည်ဖော်မှုကို ပံ့ပိုးမှုပေးရန်။

၂။ နိုင်ငံတကာ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးစံနှုန်းများအတိုင်း ကျင့်သုံးရန်၊ လုပ်ငန်းလည်ပတ်မှုကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိ၊ ကာကွယ်တားစီးရန် အစီအမံများ ဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းများ၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုရယူမှုအဆင့်အဆင့် (supply chain) အား လေ့လာရန်။

၃။ ကိစ္စရပ်တစ်ခုချင်းအတွက် လူ့အခွင့်အရေးများ လေးစားလိုက်နာမှုရှိရေးအတွက် အလေးဂရုပြု ကြိုးပမ်းအားထုတ်မှုများ (due diligence) အားထည့်သွင်းလုပ်ဆောင်ရန်။

၄။ ကလေးသူငယ်များနှင့် မသန်စွမ်းသူများ အပါအဝင် ထိရှလွယ်သော လူအစုအဖွဲ့များ၏ အခွင့်အရေးများကို အလေးဂရုပြုရန်။

၅။ ခရီးသွားလုပ်ငန်းရှိ ဒေသတွင်းရှိ လူ့အဖွဲ့အစည်းများအား ခရီးသွားလုပ်ငန်း၌ ပါဝင်ဆောင်ရွက်နိုင်စေရန်နှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို လေးစားမှုရှိရန်။

၆။ တိုင်ကြားချက်များနှင့် မကျေနပ်ချက်များကို ထိရောက်လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်နိုင်မည့် အစီအမံများကို ဖော်ဆောင်နိုင်စေရန်အတွက် ပံ့ပိုးရန်။

၇။ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် လူ့အခွင့်အရေး ကိစ္စရပ်များကို ဖြေရှင်းရန်၊ စုပေါင်းဆောင်ရွက်ရန်။

၈။ မြန်မာခရီးသွားလုပ်ငန်း အဖွဲ့ချုပ် (MTF) နှင့် အဖွဲ့ဝင်အဖွဲ့အစည်းများ၏ အုပ်ချုပ်မှုကို အားကောင်းစေရန်။

| ရင်းနှီးမြှုပ်နှံသော အဖွဲ့အစည်းများအတွက် အကြံပြုချက်များ | ခရီးသွားများအတွက် အကြံပြုချက်များ | အရပ်ဘက် လူမှုအဖွဲ့အစည်းများ အတွက် အကြံပြုချက်များ |
|---|---|---|
| ၁။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် ပါဝင် လုပ်ဆောင်လျက်ရှိသော ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုအတိုင်းအတာအားလေ့လာရာတွင် ၎င်းလုပ်ငန်းလည်ပတ်မှုကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိ၊ ကာကွယ်တားဆီးရန် အစီအမံများ ဆောင်ရွက်မှု ရှိ၊ မရှိ အားထည့်သွင်း လေ့လာရန်။<br>၂။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံ သော ကုမ္ပဏီများသည် နိုင်ငံတကာ စံနှုန်းများအတိုင်း (သို့မဟုတ်) နိုင်ငံတကာ စံနှုန်းများထက် ကျော်လွန်လျက် လုပ်ငန်းဆောင်ရွက်ကြစေရန်<br>၃။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများအား နိုင်ငံတွင်း ရင်းနှီးမြှုပ်နှံခြင်း လုပ်ငန်း ဆောင်ရွက်ခြင်း နှင့် ဆက်စပ် ဖြစ်ပေါ်လာမည့် အခက်အခဲ ပြဿနာ၊ သက်ရောက်မှုများအား မည်သို့ ထိရောက်စွာ စီမံခန့်ခွဲလျက်ရှိကြောင်း အခိုင်အမာ အစီရင်ခံတင်ပြရန်အတွက် တိုက်တွန်းရန်။ | ၁။ နယ်မြေဒေသတွင်း မြန်မာ့ယဉ်ကျေးမှုနှင့် အစဉ်အလာများ၊ သဘာဝပတ်ဝန်းကျင်၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခွင့်အရေးတို့ကို လေးစားရန်။<br>၂။ မြန်မာနိုင်ငံတွင် တာဝန်သိသော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းပံ့ပိုးရန်။ | ၁။ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ အလုပ်သမားများ၊ ရပ်ရွာ ပြည်သူလူထုတို့နှင့် စွမ်းဆောင်ရည် မြှင့်တင်ပေးသော လုပ်ငန်းများ လုပ်ဆောင်ရန်။<br>၂။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး စီမံကိန်းများ၊ ထုတ်ဖော် အသိပေးရေး လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သည့် EIA တိုင်ပင် ဆွေးနွေးမှုများတွင် တက်ကြွစွာ ပါဝင်ရန်။<br>၃။ အနိမ့်ဆုံး အသက်အရွယ်ဆိုင်ရာ သဘောတူစာချုပ် (အမှတ် ၁၃၈) ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO)၏ အဓိက သဘောတူစာချုပ်များနှင့် ခရီးသွား လုပ်ငန်း ကဏ္ဍဆိုင်ရာ အခြား သဘောတူစာချုပ်များကို အတည်ပြုနိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်ရန်။<br>၄။ မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းများ အနေဖြင့် သင့်တော်သော ခရီးသွား လုပ်ငန်း စံနှုန်းများကို ကျင့်သုံးရန် တိုက်ရိုက်ဖြစ်စေ၊ မီဒီယာမှတစ်ဆင့် ဖြစ်စေ စည်းရုံးလှုံ့ဆော်ရန်။<br>၅။ (မီဒီယာအတွက်) ခရီးသွား လုပ်ငန်း အပေါ်ကျရောက်သော ဆိုးကျိုး သက်ရောက်မှုများကို အစီရင်ခံတင်ပြရန်နှင့် ပြည်တွင်းဥပဒေ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ သက်ရောက်မှုများအား လျှော့ကျစေနိုင်မည့် နည်းလမ်းများကို အထင်အရှား ဖော်ပြရန်။ |

| ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ/စီးပွားရေးလုပ်ငန်းများ၏ မိခင်နိုင်ငံ အစိုးရများအတွက် အကြံပြုချက်များ | မြန်မာအမျိုးသား လူ့အခွင့်အရေး ကော်မရှင်အတွက် အကြံပြုချက်များ |
|---|---|
| ၁။ မြန်မာ့ခရီးသွားလုပ်ငန်း မဟာစီမံကိန်း၏ မဟာဗျူဟာ လုပ်ငန်း အစီအစဉ် ၃၊ တာဝန်သိသော ခရီးသွား လုပ်ငန်း မူဝါဒနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေးမူဝါဒ ပါဝင်ဆောင်ရွက် ရေးမူဝါဒ (CIT)တို့ကို နိုင်ငံတော်အစိုးရမှ အကောင် အထည်ဖော်ရာတွင် ကူညီ ပံ့ပိုးမှုပေးရန်။<br><br>၂။ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် လူ့အခွင့်အရေး မူဝါဒ၊ ဥပဒေမူဘောင်တို့ကို အားကောင်းစေရေးအတွက် ပံ့ပိုးမှု ပေးရန်။<br><br>၃။ စီးပွားရေးလုပ်ငန်းများ၏ တာဝန်ယူမှု၊ တာဝန်ခံမှု (corporate responsibility) အား အကောင်အထည်ဖော်ရန် ပံ့ပိုးရန်။<br><br>၄။ ခရီးသွားများအား ခရီးသွားလုပ်ငန်းကြောင့် ဆိုးကျိုး သက်ရောက်မှုများ ဖြစ်ပေါ်ခြင်းကို ရှောင်ရှားနိုင်ရန် ဆွေး နွေးအကြံပေးမှု အပါအဝင် နည်းလမ်းများဖြင့် သိမြင် နားလည်မှုကို မြှင့်တင်ရန်။ | ၁။ စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးများ ဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံကိန်း ပြုစုရေး အားပံ့ပိုးမှု ပေးရန်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍနှင့် သက်ဆိုင်သော လုပ်ငန်းများနှင့်ဆိုင်သော အချက်အလက်များအား ထည့် သွင်းရန်။<br><br>၂။ ခရီးသွားလုပ်ငန်း ဆိုင်ရာဥပဒေများ၊ စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များ၏ လူ့အခွင့်အရေးပိုင်းဆိုင်ရာ ကဏ္ဍ အတွက် အကြံပေးရန်။<br><br>၃။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ထိခိုက် သူများအနေဖြင့် ဥပဒေအရ ကုစားမှု ရယူနိုင်ရေး ပံ့ပိုးမှု ပေးရန်။<br><br>၄။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး လုပ်ဆောင်ရာတွင် နစ်နာမှု များ မကျေနပ်ချက်များနှင့် စပ်လျဉ်း၍ ကော်မရှင်နှင့် အခြားအဖွဲ့အစည်းများက တိုင်ကြားချက်များကို ကိုင် တွယ်ပုံ၊ စုံစမ်းစစ်ဆေးမှုများနှင့် နောက်ဆက်တွဲ လုပ် ဆောင်မှုများကို အများပြည်သူသို့ အစီရင်ခံစာ ထုတ်ပြန် ရန်။ |

နောက်ဆုံးအနေဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ပတ်သက်ဆက်နွှယ်သူ၊ အုပ်စုအားလုံးအတွက် အကြံပြုချက်မှာ **မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် စုပေါင်းသက်ရောက်မှု (cumulative impacts) အပါအဝင် လူ့အခွင့်အရေးနှင့် ပတ်သက်သော ဆွေးနွေးမှုများ ပြုလုပ်နိုင်သည့် အများပါဝင်နိုင်သော ဆွေးနွေးပွဲအစီအစဉ်တစ်ရပ် တည်ထောင်နိုင်ရေး** စဉ်းစားရန် ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းမှ အကျိုးကျေးဇူးခံစားရရှိရေးအတွက် နေရာဒေသသစ်များကို ဖွင့်လှစ်ရာတွင် လူ့အခွင့်အရေးများကို လေးစားလျက် ကာကွယ်စောင့်ရှောက်နိုင်ရန် စိန်ခေါ်မှုအများအပြားနှင့် လုပ်ငန်းသဘောသဘာဝအရ ဆန့်ကျင်ဘက်အကြောင်းအချက်များ ရှိပါသည်။ ဤအချက်ကပင် ဒေသအဆင့်၊ အောက် ခြေအဆင့်များ အပါအဝင် အဆင့်အသီးသီးတွင် ခရီးသွားလုပ်ငန်းကို တာဝန်သိသော နည်းလမ်းဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိတ်ပါဝင်စားသော ပတ်သက်ဆက်နွှယ်နေသူများအကြား စဉ်ဆက်မပြတ် ဆွေးနွေးမှု ဆက်လက်လုပ်ဆောင်ခြင်းဖြင့် အကျိုးဖြစ်ထွန်းနိုင်ကြောင်း ဖော်ပြနေခြင်း ဖြစ်ပါသည်။ မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) အနေဖြင့် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းမှပင်စတင်၍ ဤ ဆွေးနွေးမှုများတွင် ပါဝင်ခဲ့သော ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အတူတကွ ဆွေးနွေးမှုများကို ကူညီပံ့ပိုးရန် အသင့်ရှိပါသည်။

# မြန်မာအစိုးရသို့ အကြံပြုချက်များ

### ၁။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံကိန်း၏ မဟာဗျူဟာလုပ်ငန်း အစီအစဉ် ၃၊ တာဝန်သိသော ခရီးသွားလုပ်ငန်းမူဝါဒနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေးမူဝါဒ(CIT)တို့ကို အပြည့်အဝ အကောင်အထည်ဖော်ရန်။

ကိုကားအထောက်အထား-မြန်မာခရီးသွားလုပ်ငန်း မဟာစီမံကိန်း၊ မဟာဗျူဟာ အစီအစဉ် အမှတ်-၃။

၂၀၁၂ ခုနှစ်၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် အသီးသီးဖော်ဆောင်ခဲ့သည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံကိန်း၊ မြန်မာနိုင်ငံတာဝန်သိသော ခရီးသွားလုပ်ငန်းမူဝါဒနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေးမူဝါဒ တစ်ခုချင်းစီတွင် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းကိုမြှင့်တင်ရန် အားကောင်းသော လုပ်ငန်းအကောင်အထည်ဖော်ရေး အချက်များနှင့် ထောက်ခံအကြံပြုချက်များကို ဖော်ထုတ်ပြသထားသည်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံကိန်း၏ မဟာဗျူဟာ အစီအစဉ် ၃ တွင် ထည့်သွင်းထားသည့် လုပ်ငန်းအကောင်အထည်ဖော်ရေးနှင့် ထောက်ခံအကြံပြုချက်များမှာ အထူးပင် တန်ဖိုးရှိပါသည်။ ဖွံ့ဖြိုးရေးဆောင်ရွက်သူများ၊ အခြားမိတ်ဖက်အဖွဲ့အစည်းများ၏ အထောက်အပံ့ဖြင့် အပြည့်အဝ အကောင်အထည်ဖော်ခဲ့လျှင် ယင်းအစီအစဉ်သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဆင်းရဲသားများအတွက် အကျိုးဖြစ်ထွန်းစေသော ခရီးသွားလုပ်ငန်းနှင့် အုပ်ချုပ်မှု ပိုမိုကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်မှုကို သိသာထင်ရှားစွာ အထောက်အကူ ဖြစ်စေမည်။

အောက်တွင်ဖော်ပြထားသော အစိုးရသို့ပေးသည့် ကျန်ထောက်ခံအကြံပြုချက်များမှာ ယင်းမူဝါဒများမှ အပြည့်အဝ မလွှမ်းခြုံနိုင်သည့် အချက်များ၊ သို့မဟုတ် ကွင်းဆင်းသုတေသန လေ့လာမှုများမှရရှိသည့် သက်သေအထောက်အထားများ၊ မြန်မာနိုင်ငံအတွင်း အခြားပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်များမှရရှိသည့် အသိပညာများတို့လည်း ထည့်သွင်းထားရှိပြီး နိုင်ငံတကာစံချိန်စံညွှန်းများဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့် စည်းမျဉ်းဥပဒေများ၊ မူဝါဒများနှင့်အညီဖြစ်စေမည့် အခွင့်အလမ်းများကိုလည်း ဤထောက်ခံအကြံပြုချက်တွင် အသားပေးဖော်ပြထားသည်။

### ၂။ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်သော လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ကိစ္စရပ်များအတွက် စည်းမျဉ်းထိန်းချုပ်ရေးမူဘောင်ကို အားကောင်းစေရန်။

ကိုးကားအထောက်အထား- မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံကိန်း အဓိကရည်မှန်းချက် ၁(၅)။
ခရီးသွားလုပ်ငန်း၏ တရားရေးနှင့် စည်းမျဉ်းထိန်းသိမ်းရေးဆိုင်ရာ ပတ်ဝန်းကျင်နှင့်လုပ်ရှားမှုများ အားကောင်းခိုင်မာရေး ၁(၅)(၄)။
ခရီးသွားလုပ်ငန်းနှင့်အတူ၄င်းလုပ်ငန်းနှင့်ဆက်နွယ်သောဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များပြန်လည်သုံးသပ်ခြင်းနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ၏ လိုအပ်ချက်များနှင့် ပိုမိုညီညွတ်စေရန် သင့်လျော်သော ပြင်ဆင်မှုများပြုလုပ်ခြင်း။

မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းကဏ္ဍတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံကိန်းနှင့် မြန်မာနိုင်ငံ တာဝန်သိသော ခရီးသွားလုပ်ငန်းမူဝါဒကဲ့သို့သော ကဏ္ဍနှင့်ဆိုင်သော တာဝန်သိစီးပွားရေးဆိုင်ရာ မူဝါဒများရှိနှင့်ပြီး အခြားစီးပွားရေးလုပ်ငန်းကဏ္ဍများထက် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ မူဝါဒများရေးဆွဲရာတွင် ရှေ့ရောက်နှင့်ပြီးဖြစ်ပါသည်။ သို့သော် တာဝန်သိခရီးသွားလုပ်ငန်း၌ ပိုမိုကျယ်ပြန့်သော စည်းမျဉ်းထိန်းချုပ်ရေး မူဘောင်ဆိုင်ရာ (ဥပမာ-ရင်းနှီးမြှုပ်နှံမှုဥပဒေများ၊ အလုပ်သမားဥပဒေများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများနှင့်မူဝါဒများ၊ မြေယာနှင့် ယဉ်ကျေးမှုအမွေအနှစ်၊ ပို့ဆောင်ရေး၊ ရေ၊ ကလေးသူငယ်နှင့် စားသုံးသူအကာအကွယ်ပေးခြင်းများနှင့် သက်ဆိုင်သည့် မူဝါဒများ) အား ခရီးသွားလုပ်ငန်းတွင် ထည့်သွင်း၍ ၄င်းမူဝါဒများအားလည်း ခရီးသွားလုပ်ငန်းတွင် အသက်ဝင်အောင်ဖော်ဆောင်မှုများ အားကောင်းမှသာလျှင် ခရီးသွားလုပ်ငန်းရှိ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း အောင်မြင်ပေလိမ့်မည်။

၁။ **ပိုမိုကောင်းမွန်သော စည်းမျဉ်းဥပဒေ-** ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သော စည်းမျဉ်းဥပဒေ သို့မဟုတ် မူဝါဒချမှတ်ကျင့်သုံးခြင်း သို့မဟုတ် ပြင်ဆင်ခြင်းမပြုလုပ်မီ ထိရောက်သည့် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်များ ပြုလုပ်ရန်လိုသည်။ ယင်းသို့ အများပြည်သူနှင့် တိုင်ပင်နှီးနှောမှုမျိုးသည့် အလေ့အထများ မြန်မာနိုင်ငံတွင် မရှိသေးပါ။ ထို့အပြင် ဝန်ကြီးဌာနများအကြား ပိုမိုကောင်းမွန်သော ညှိနှိုင်းဆောင်ရွက်ခြင်းသည် ပို၍ထိရောက်မှုရှိသော စည်းမျဉ်းဥပဒေများ ဖြစ်ထွန်းရေးကိုလည်း အထောက်အကူ ဖြစ်စေမည်။

၂။ **ဒေသန္တရအဆင့်၌ အပါအဝင် မူဂါဒချမှတ်ရေး၊ စည်းမျဉ်းထိန်းချုပ်ရေးနှင့် စစ်ဆေးလုပ်ငန်းများ ဆောင်ရွက်နေသော အာဏာပိုင်များ၏ စွမ်းဆောင်ရည်အား မြှင့်တင်ပေးရန်။**

၃။ ဥပဒေနှင့်ပတ်သက်သည့် အကြောင်းအရာများအား အစိုးရအဖွဲ့အတွင်း၊ စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံသားများ၊ နိုင်ငံခြားခရီးသွား ဧည့်သည်များအတွက်လည်း ဥပဒေအကြောင်း သိရှိမှုကို မြှင့်တင်ပေးရန်နှင့် သင့်လျော်သော အသိပေးခြင်း၊ သိရှိမှုမြှင့်တင်ပေးခြင်းပြုလုပ်ပေးရန်။ ယခု SWIA သည် ခရီးသွားလုပ်ငန်းများ၊ ခရီးသွားများနှင့် ရပ်ရွာများကြား အလုပ်သမားဥပဒေများ၊ သဘာဂ ပတ်ဝန်းကျင်ကာကွယ်ရေး၊ ပညာရေး၊ ကလေးလုပ်သားနှင့် လိင်ဖျော်ဖြေရေးခရီးသွားလုပ်ငန်းတို့ အပါအဝင် နယ်ပယ်များစွာတွင် နားလည်သဘောပေါက်မှု မရှိသေးကြောင်း တွေ့ရှိခဲ့သည်။

၄။ ဥပဒေများနှင့် မူဝါဒများ အကောင်အထည်ဖော်ရာတွင် ပွင့်လင်းမြင်သာမှုတို့ လိုအပ်ခြင်း။

## ၃။ ပိုမိုကောင်းမွန်သော ခရီးသွားလုပ်ငန်းကဏ္ဍဆိုင်ရာစည်းမျဉ်းများ သတ်မှတ်ရန်။

### လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဓိကအချက်များ

- လက်ရှိအကြမ်းပြင်ဆင်ရေးဆွဲထားသည့် **မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေ**ကို လွှတ်တော်၌မတင်မီ **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးမှုများ** ပြုလုပ်ရန်လိုသည်။ ထိရှလွယ်သော လူအုပ်စုအဖွဲ့အစည်းများနှင့် သဘာဂပတ်ဂန်းကျင်အတွက် အဓိကထားလုပ်ဆောင်သော အရပ်ဘက်လူ့အဖွဲ့အစည်းများ အပါအဂင် ပုဂ္ဂလိကကဏ္ဍ၊ အလုပ်သမားသမဂ္ဂများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပါဂင်စေပြီး ၄င်းတို့၏ စိုးရိမ်မှုများအား ဖော်ထုတ်တင်ပြနိုင်ရန်၊ ဆွေးနွေးနိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးရမည်။
- ဒုတိယသမ္မတမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ကော်မတီအသစ်မှတစ်ဆင့် ဝန်ကြီးဌာနများအကြား ညှိနှိုင်းဆောင်ရွက်မှုကို မြှင့်တင်ရမည်။ ဝန်ကြီးဌာနများအကြား အနာဂတ်အငြင်းပွားမှု၊ ပြဿနာများ ရှောင်ရှားနိုင်ရန်၊ အခြားဂန်ကြီးဌာနများက ဥပဒေများနှင့် မူဝါဒများကို ရေးဆွဲနေချိန် သို့မဟုတ် ပြင်ဆင်နေချိန်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဂန်ကြီးဌာနသို့ ကြိုတင်အသိပေးမှုများပြုလုပ်ရန် ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်းသည့် အသေးစိတ်ကျသော ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရန်၊ အခွင့်အလမ်းပေးနိုင်ရန် ယင်းကော်မတီမှတစ်ဆင့် ပြုလုပ်နိုင်မည်။ ဟိုတယ်နှင့်ခရီးသွားလာရေး ဂန်ကြီးဌာနသည် အခြားဝန်ကြီးဌာနများမှ အကြမ်းရေးဆွဲလျက်ရှိသည့် ဥပဒေမူကြမ်းများထဲသို့ အကြံပြုချက်များ ထည့်သွင်းခြင်းဖြင့် ဂန်ကြီးဌာနအတွက်လည်း အကျိုးဖြစ်ထွန်းနိုင်သည်။ ခရီးသွားလုပ်ငန်းကဏ္ဍနှင့်ဆက်နွယ်ပြီး ပြင်ဆင်ပြုလုပ်နေခဲ့ပြီးဖြစ်သည့် ဥပဒေများနှင့် မူဂါဒများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီမှတ်ပုံတင် ဥပဒေ၊ အလုပ်သမား၊ မြေယာ၊ ရေ၊ ယဉ်ကျေးမှုအမွေအနှစ်၊ ပို့ဆောင်ရေး၊ သဘာဂပတ်ဝန်းကျင်၊ ကလေးသူငယ်၊ မသန်စွမ်းသူများ၊ စားသုံးသူ ကာကွယ်ရေးနှင့် အစိုးရ၏ဂန်ဆောင်မှုနှင့် ကုန်စည်ဂယ်ယူမှုဆိုင်ရာဥပဒေများ (public procurement) နှင့် မူဂါဒများ ပါဂင်သည်။
- ကဏ္ဍအသီးသီးတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် စံချိန်စံညွှန်းများကို ရေးဆွဲသတ်မှတ်ခြင်းဖြင့် **သဘာဂပတ်ဂန်းကျင် ကာကွယ်ရေးဆိုင်ရာ ဥပဒေမူဘောင်**အား ပြီးပြည့်စုံအောင်ဆောင်ရွက်ရန်နှင့် အချို့သော ခရီးသွားလုပ်ငန်းစီမံကိန်းများတွင် အသုံးပြုရမည့် **သဘာဂပတ်ဂန်းကျင်အပေါ် သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း(EIA)**

**လုပ်ငန်းစဉ်**ကို အပြီးသတ်ဆောင်ရွက်ရမည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၏ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်းမှတ်တမ်း (အပိုင်း ၇(၁) ပါ ထောက်ခံအကြံပြုချက်များ) တွင် EIAs လုပ်ငန်းစဉ်နှင့် ပတ်သက်သော အချက်အလက်အချို့အား ထည့်သွင်းဖော်ပြထားပြီး ၎င်းတို့တွင် EIAs လုပ်ငန်းစဉ်များ၌ လူမှုဘဝနှင့် လူ့အခွင့်အရေးကဏ္ဍများ ပိုမိုအားကောင်းစေရန် လိုအပ်ကြောင်း ပါဝင်သည်။ ပြည်နယ်/တိုင်းအဆင့်နှင့် ဒေသအဆင့်အပါအဝင် အစိုးရအဖွဲ့ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် သတင်းအချက်အလက် ရယူပိုင်ခွင့် အားကောင်းစေရန် လိုအပ်ကြောင်းလည်း ဖော်ထုတ်ထားသည်။

- **ခရီးသွားလုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်း၍**
  - EIAs နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များဆောင်ရွက်ခြင်းတွင် တိုင်ပင်ဆွေးနွေးမှုများ ထည့်သွင်းပြုလုပ်သင့်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေ (၂၀၁၂ ခုနှစ်)နှင့် ၎င်းဥပဒေအား အထောက်အကူပြုသည့် စည်းမျဉ်းဥပဒေများ၏ လိုအပ်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ချက်များအား အများပြည်သူသိရှိနိုင်ရန် ပုံမှန်အစီရင်ခံခြင်းများ ပါဝင်ရမည်။
  - ပိုမိုတိကျခိုင်မာသောနိုင်ငံလုံးဆိုင်ရာဥပဒေများ(Stringent national Laws)နှင့်ကာကွယ်စောင့်ရှောက်မှုများ (Safeguards) မထွက်ပေါ်မီ EIA လုပ်ငန်းစဉ်များသည် IFC Performance Standards နှင့် IFC Environmental Health and Safety Guidelines ကို အသုံးပြုသင့်သည်။ အသင့်လျော်ဆုံးမှာ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် the IFC Environmental, Health, and Safety Guidelines for Tourism and Hospitality Development (2007) ဖြစ်သည်။
  - ခရီးသွားလုပ်ငန်းများ လည်ပတ်မှုရှိနေပြီး EIA လိုအပ်ချက်ရှိသည့် အချို့သော ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (MOECAF) သို့ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝသက်ရောက်မှုများ စီမံခန့်ခွဲခြင်းအတွက် လက်ရှိအစီအစဉ်များကို တင်ပြရမည်ဖြစ်သည်။ ယခင်စီမံကိန်းများ ဆောင်ရွက်နေသော လုပ်ငန်းများအတွက် EIA ဆောင်ရွက်ရာတွင် EIA လုပ်ငန်းစဉ်မူကြမ်း အပိုဒ် ၉ ၏ လိုအပ်ချက်များကို အကောင်အထည်ဖော်ရာတွင် အကာအကွယ်ပေးပြီးဖြစ်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်အရ ထိရှလွယ်သောနေရာများ သို့မဟုတ် ရပ်ရွာက တိုင်ကြားမှုများရှိသော နေရာများအတွက် လိုအပ်သည့် EIAs များ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝစီမံခန့်ခွဲမှုအစီအစဉ်များ ပြီးမြောက်ရေးကိုလည်း MOECAF မှ ဦးစားပေးလိုအပ်ချက်အဖြစ် ထားရှိရမည်။
- မြန်မာနိုင်ငံ၏ ရှည်လျားသောကမ်းရိုးတန်း၏ ခရီးသွားလုပ်ငန်းအလားအလာနှင့် သဘာဝအတိုင်း မပျက်မယွင်းရှိနေသော ၎င်း၏ လက်ရှိအနေအထားများကြောင့် ကမ်းရိုးတန်း ခရီးသွားလုပ်ငန်းမဟာဗျူဟာတစ်ရပ် ဖော်ဆောင်ရေးကို ထည့်သွင်းစဉ်းစားရမည်။ ယင်းကို ဖော်ဆောင်ရာတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ MOECAF နှင့် အခြားသက်ဆိုင်ရာ ဝန်ကြီးဌာနများ အတူတကွလက်တွဲပြီး ကိုယ်တိုင်ကိုယ်ကျပါဝင်သော နည်းလမ်းဖြင့် ဆောင်ရွက်ရမည်။ ရေချိုသုံးစွဲမှုနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအပါအဝင် လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်ရေးရာအလေ့အထများ ဆိုင်ရာ Directives for Coastal Beach Areas (2004) ကို ပေါင်းစပ်ထည့်သွင်းရန် စဉ်းစားရမည်။
- ကျန်ရှိနေသည့် ILO Core Labour Standards အတည်ပြုခြင်းကို ဆောင်ရွက်ရမည်ဖြစ်သလို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) ၏ သဘောတူစာချုပ် ၁၇၂၊ လုပ်ငန်းခွင်အခြေအနေများ (ဟိုတယ်များနှင့် စားသောက်ဆိုင်များ) သဘောတူစာချုပ်(၁၉၉၁) တို့ကဲ့သို့ ILO ခရီးသွားလုပ်ငန်း အလုပ်သမားစံချိန်စံညွှန်းများကိုလည်း အတည်ပြုခြင်း။ လက်ရှိ အလုပ်သမား ဥပဒေပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်ပြီး အစိုးရ၏ ကျယ်ပြန့်သော လုပ်ငန်းအစီအစဉ်အပြင် နိုင်ငံတကာ အလုပ်သမား စံချိန်စံညွှန်းများနှင့်အညီ ပြည့်စုံသော အလုပ်သမားဥပဒေမူဘောင်တစ်ရပ် ဖော်ဆောင်ရေးအတွက် ILO အထောက်အပံ့ပေးသည့် လုပ်ငန်းအစီအစဉ်များကိုလည်း ဖော်ဆောင်သင့်သည်။ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းရေးဥပဒေများ အကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်ပြီး

ILO က အစိုးရနှင့်လုပ်ကိုင် ဆောင်ရွက်လျှက်ရှိပြီး ခရီးသွားလုပ်ငန်းကဏ္ဍတွင် အများဆုံးရှိနေသည့် ယာယီနှင့် ရွှေ့ပြောင်းအလုပ်သမားများ အပါအဝင် အလုပ်သမားပုံစံအသစ်များကို အကာအကွယ်ပေးခြင်း များကိုလည်း ဆောင်ရွက်နေသည်။ အလုပ်သမားရေးရာ စစ်ဆေးရေးရုံးများ အားကောင်းရေးကိုလည်း ILO က ဆောင်ရွက်နေသည်။ ယင်းလုပ်ငန်းအသီးသီးသည် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပိုမိုကောင်းမွန်သော လုပ်ငန်းခွင် အခြေအနေများကို အထောက်အကူပြုပေလိမ့်မည်။

- **မြေယာ - မြေယာဥပဒေများ ကျယ်ကျယ်ပြန့်ပြန့် ပြုပြင်ပြောင်းလဲမှုအတွက် လိုအပ်ချက်**အပြင် ပိုင်ဆိုင်မှုကို အကာအကွယ်ပေးနိုင်ပြီး ဥပဒေနှင့်မညီသော ရယူခြင်း(မြေသိမ်းခြင်း)ကို ပပျောက်ရန် သို့မဟုတ် အနည်းဆုံး လျှော့ချနိုင်စေမည့် သင့်လျော်သော လုပ်ငန်းစဉ်အရ မြန်မာနိုင်ငံရှိ ထုံးတမ်းစဉ်လာအရဖြစ်သော ဆောင်ရွက်မှုများကို ထင်ဟပ်စေသည့် ရှင်းလင်းသော အကာအကွယ်ပေးမှုများပေးရန်။
    - အစိုးရနှင့် ခရီးသွားလုပ်ငန်းများက မြေယာရယူခြင်းလုပ်ငန်းစဉ်နှင့် ဥပဒေရေးရာများတွင် ခရီးသွားလုပ်ငန်းများနှင့် ရပ်ရွာတို့အတွက် ရှင်းရှင်းလင်းလင်းရှိစေရန်နှင့် မြေယာ၊ အိုးအိမ်၊ သီးနှံနှင့် အခြားပိုင်ဆိုင်မှုများအတွက် လျော်ကြေးနှုန်းထားဆိုင်ရာ စည်းမျဥ်းများနှင့် ပိုင်ဆိုင်မှုများကို လက်လှမ်းမီ ရယူသုံးစွဲမှုအတွက် ရှင်းရှင်းလင်းလင်း ရှိစေရန်။
    - မြေဈေးကစားခြင်းများကို ကန့်သတ်ရန်၊ **ဈေးကစားရန်ဟူသော ရည်ရွယ်ချက်ဖြင့် အသုံးမပြုဘဲ မြေယာများ လက်ဂယ်ရယူ ထားရှိခြင်းကို ဆန့်ကျင်ရန်အတွက် ၁၈၉၄ အက်ဥပဒေအရ ရယူထားသောမြေယာများအား ရယူသည့် ရည်ရွယ်ချက်အတိုင်း အသုံးမပြုပါက ဒဏ်ငွေပြင်းထန်စွာ** ချမှတ်ရန် ဥပဒေတာဂန်တစ်ရပ်ကို ဖော်ဆောင်ရမည်။ ယင်းမြေယာများကို ကာလတစ်ခုအတွင်း အသုံးမပြုပါက မူလပိုင်ရှင်သို့ ပြန်ပေးစေရန်။
- **ကြားကာလတွင် ယင်းသို့သော လုပ်ငန်းစဉ်များအတွက် လက်ရှိကျင့်သုံးသည့် ၁၉၈၄ မြေသိမ်းအက် ဥပဒေကို အစားထိုးရန်** အများပြည်သူဆိုင်ရာ လုပ်ငန်းအတွက် မြေယာသိမ်းယူခြင်းနှင့် နေရာပြန်လည်ချထားပေးခြင်းအတွက် ဥပဒေသစ်ကို နိုင်ငံတကာ စံချိန်စံညွှန်းများအပေါ် အခြေခံပြီး ရေးဆွဲရမည်။ သဘောတူညီချက် မရှိဘဲ မြေယာသိမ်းယူခြင်းအား ခွင့်ပြုသည့် စီမံကိန်းအမျိုးအစား စာရင်းများကိုလည်း ကန့်သတ်သင့်သည်။ အထူးသဖြင့် ဟိုတယ်ကဲ့သို့သော စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဖြစ်သည်။
- **လုံခြုံရေးနှင့် အရည်အသွေး စံချိန်စံညွှန်းများ-** မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံကိန်းအဓိကကျသော ရည်မှန်းချက် ၁(၄) က ခရီးသွားများ၏ လုံခြုံရေးနှင့် စားသုံးသူ အကာအကွယ်ပေးရန်းကို မြှင့်တင်ရန်၊ ခရီးသွားများ၏ အရေးပေါ်ဆေးဝါးကုသမှုအစီအမံ၊ အရေးအပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ချိန်များတွင် ဘေးကင်းရာသို့ စွန့်ခွာနိုင်ရန် စီစဉ်ထားရှိခြင်း။ ခရီးသွားများ၏ လုံခြုံရေးကို မြှင့်တင်ရန် အမျိုးသားအဆင့်မူဝါဒနှင့်ကျင့်ဝတ်များ ဖော်ဆောင်ရေး (၁(၄) (၃)) တို့နှင့်ပတ်သက်ပြီး လုပ်ငန်းများကို ရှာဖွေ ဖော်ထုတ်ရန် စနစ်များရေးဆွဲရေးအတွက် ပါရှိသည်။ ထိုအစီအစဉ်တွင် ခရီးသွားများ၏ လုံခြုံရေးနှင့် လုံခြုံရေး ကိစ္စရပ်များ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေးနှင့်စပ်လျဥ်းပြီး ပြန်လည်သုံးသပ်ရန်၊ ခရီးသွားများ၏ စစ်တမ်းများကို ပြန်လည်သုံးသပ်ရန် သက်ဆိုင်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးသည့် လုပ်ငန်းများ၊ မူဝါဒ၊ လမ်းညွှန်းချက်များနှင့် ကျင့်ဝတ်များမူကြမ်းရေးဆွဲခြင်းနှင့် အတည်ပြုခြင်းတို့ပါဝင်သည်။ အစီအစဉ် ၁(၄)(၄) တွင် ခရီးသွားလုပ်ငန်း လုပ်ကိုင်နေရာအားလုံးတွင် လေ့ကျင့်ထားသော ခရီးသွားလုပ်ငန်းဆိုင်ရာ ရဲတပ်ဖွဲ့များ ထူထောင်ရန် ပါဝင်သည်။
- မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံကိန်း အစီအစဉ် ၁ (၄)(၅) တွင် ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုတွင် စားသုံးသူ ကာကွယ်ရေးဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ ထည့်သွင်းရန် ပါရှိသည်။ ဦးစားပေးရမည့်အရာများမှာ-
    - အစားအသောက် ဘေးကင်းလုံခြုံမှု စံချိန်စံညွှန်းများ အားကောင်းရန်။

- ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ၊ မော်တော်ယာဉ်ဝန်ဆောင်မှုပေးသူများ၊ ဧည့်လမ်းညွှန်များ၊ လေ့ဝန်ဆောင်မှုပေးသူများနှင့် လမ်းကို မကြာမကြာမသုံးပြုရသည့် ခရီးသွားလုပ်ငန်း နယ်ပယ်အတွင်းရှိ အခြားသူများအားလုံးအတွက် မတက်မနေရ ဘေးကင်းလုံခြုံရေးသင်တန်းများ ပေးခြင်းအပါအဝင် ခရီးသွားလုပ်ငန်းနယ်ပယ်ရှိ ခရီးသွားများနှင့် ဝန်ထမ်းများအတွက် လမ်းပန်းဆက်သွယ်ရေး လုံခြုံစိတ်ချရမှု မြှင့်တင်ရန်တို့ဖြစ်သည်။
- ပိုမိုကျယ်ပြန့်လာသော ခြေလျင်တောင်တက်လုပ်ငန်းတွင် ဘေးကင်းလုံခြုံရေးဆိုင်ရာ သင်တန်းများ ဆောင်ရွက်ပေးရန်။

■ **လေကြောင်းလုပ်ငန်းကဏ္ဍ၏ ဘေးကင်းလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် လုပ်ငန်းစဉ်များကို အဆင့်မြှင့်ခြင်း-** မဟာစီမံကိန်း အစီအစဉ် ၅(၁)(၄) တွင် ဖော်ပြထားသည့် လေကြောင်းလုပ်ငန်းသုံးသပ်ချက်မှ တွေ့ရှိချက်များအပေါ် အခြေခံပြီး (ပြည်တွင်းပြည်ပ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို ပြန်လည်လေ့လာဆန်းစစ်မှုများပြုခြင်း၊ လက်ရှိပုံသန်းနေသည့် ခရီးစဉ်၊ အခြေခံအဆောက်အအုံ၊ မြေပြင်ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံမှု၊ လုံခြုံရေးနှင့်ဝန်ဆောင်အမြင့်တစ်ရပ်ဖြင့်တိုးတက်အောင်ဆောင်ရွက်မှုများကိုပြန်လည်သုံးသပ်ခြင်းနှင့်ထောက်ခံအကြံပြုခြင်း)ကို ဖော်ဆောင်ရန်။[1]

■ မြန်မာနိုင်ငံတွင် မိဘမဲ့ကလေးဂေဟာများသို့ သွားရောက်သော ခရီးသွားလုပ်ငန်းပုံစံမျိုး ပေါ်ပေါက်ခြင်းအားလျှော့ချနိုင်ရန်၊ ကလေးသူငယ်များအတွက် မြန်မာနိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ်သစ် (New Myanmar National Plan of Action for Children) ကို ဖော်ဆောင်ရမည်။

■ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ **အသက် (၁၈) နှစ် မပြည့်သေးသူကို ကလေးသူငယ်အဖြစ် သတ်မှတ်ရန် ကလေးသူငယ်ဥပဒေကို ပြန်လည်ပြင်ဆင်ရန်**နှင့် မြန်မာနိုင်ငံသည် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီဖြစ်စေရန် ပိုမိုကျယ်ပြန့်သော ပြုပြင်ပြောင်းလဲမှုများ၏ အစိတ်အပိုင်းအဖြစ် အနိမ့်ဆုံး အသက်အရွယ်ဆိုင်ရာ ILO သဘာတူညီမှု ၁၃၈ ကို အတည်ပြုရန်။

■ **ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းအပါအဝင် လိင်ဖျော်ဖြေရေး ခရီးသွားလုပ်ငန်းနှင့် လူမှောင်ခိုကုန်ကူးခြင်းကိုကာကွယ်ရန်** လုပ်ငန်းများဖော်ထုတ်ထားသည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံကိန်း၏ လုပ်ငန်း ၃(၂)(၁) ကို အကောင်အထည်ဖော်ရန်။

## ၄။ ဒေသအဆင့် အပါအဝင် မူဝါဒချမှတ်ရေး၊ စည်းမျဉ်းထိန်းချုပ်ရေးနှင့် စစ်ဆေးလုပ်ငန်းများ ဆောင်ရွက်နေသော အာဏာပိုင်များ၏ စွမ်းဆောင်ရည်အား မြှင့်တင်ပေးရန်။

အထက်တွင်ဆွေးနွေးထားသည့် ကိစ္စရပ်နယ်ပယ်များရှိ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းအစီအစဉ်များကို ဖွံ့ဖြိုးအောင်ဆောင်ရွက်သော မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ အကောင်အထည်ဖော်နေခဲ့သည့်တိုင် ဒေသအဆင့်အစိုးရ အဖွဲ့များနှင့် လူပုဂ္ဂိုလ်များ၏ စွမ်းဆောင်ရည်မြှင့်တင်မှုတွင် ရင်းနှီးမြှုပ်နှံမှု အားနည်းနေခဲ့သည်။ ယင်းလုပ်ငန်းအစီအစဉ်အချို့သည် ရဲတပ်ဖွဲ့၊ ရာဇဝတ်တရားသူကြီးများ၊ ရပ်ရွာများ၊ ကျေးရွာအကြီးအကဲများနှင့် အခြားသူများကို ကလေးသူငယ်လိင်ဖျော်ဖြေရေးခရီးသွားလုပ်ငန်း၏ရာဇဝတ်မှုမကင်းသည့်အန္တရာယ်ရှိမှုများကိုအသိပညာပေးသော The Code ၏ လုပ်ငန်းကဲ့သို့ ခရီးသွားလုပ်ငန်းနှင့် တိုက်ရိုက်ဆက်နွှယ်နေသည့် လုပ်ငန်းများဖြစ်သည်။ ကလေးများအား အသုံးချသော လိင်အပျော်ခရီးသွားလုပ်ငန်းကို ဖော်ထုတ်တွေ့ရှိသည့်အခါတွင် မည်သို့ ဆောင်ရွက်ရန်အတွက်လည်း ၎င်းအဖွဲ့အစည်းမှ စွမ်းရည်မြှင့်သင်တန်းများ ဖော်ဆောင်ပေးသည်။ အခြားသော အစီအစဉ်များသည် အခြားသောကဏ္ဍများနှင့်လည်း ဆက်စပ်နေသည်။ နေပြည်တော်နှင့် ဒေသအစိုးရတို့၏ ပုံမှန်တာဝန်ဝတ္တရားများ၊ ၎င်းတို့အပေါ် ကြီးကြပ်သည့် အစီအစဉ်များ၊ အစဉ်အမြဲပြောင်းလဲနေသော ဥပဒေများ၊ အစိုးရ အဖွဲ့အစည်းများ၏ အခက်အခဲများကို ဖြေရှင်းနိုင်သည့် စွမ်းရည်များအားနည်းနေမှု စသည့်အချက်များကြောင့် စွမ်းဆောင်ရည် ပြုစု

1 See Part 4.7 for more information on security in the aviation sector.

ပျိုးထောင်ခြင်းသည် လိုအပ်ချက်တစ်ခုအဖြစ်သာမက စိန်ခေါ်မှုတစ်ခုအဖြစ် ရှိနေပါသည်။

ခရီးသွားလာရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း မဟာစီမံကိန်းတွင် အကြံပြုတင်ပြထားသော ပြည်နယ်နှင့် တိုင်းအဆင့် ခရီးသွားလုပ်ငန်းကောင်စီမှ (State and Regional Tourism Councils) မှ ပြည်နယ်နှင့်တိုင်းဒေသအဆင့်ရှိ ခရီးသွားလုပ်ငန်း စီမံကိန်းလုပ်ငန်းများတွင် အရေးပါလိုအပ်သော အခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်သည်။ ခရီးသွားများ လာရောက်သော ဒေသအဆင့်စီမံကိန်းများနှင့် လှုပ်ရှားမှုများကို အကောင်အထည် ဖော်ရာတွင်လည်း ၎င်းကောင်စီများမှ ကူညီပံ့ပိုးနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံကိန်းတွင် ဖော်ပြထားသည်မှာ - ပြည်နယ်နှင့် တိုင်းများတွင် ပြည်သူပိုင်နှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်း အတွေ့အကြုံများ လျော့ပါးခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ခရီးသွားကောင်စီများအနေဖြင့် ခရီးသွားလုပ်ငန်းစီမံကိန်းကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးစနစ်များ၌ သမားရိုးကျ ထည့်သွင်းလုပ်ဆောင်နိုင်ရန် စွမ်းဆောင်ရည်ရှိမာစေရေးအတွက် (အဓိကရည်မှန်းချက် ၁(၂) ကို ကြည့်ပါ။) ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများ (development partners) ထံမှ ကူညီပံ့ပိုးမှုများ လိုအပ်လျက်ရှိသည်။

**လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဓိက အချက်များ**

- တာဝန်သိ ခရီးသွားလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝရေးရာ ကာကွယ်မှုများနှင့် စပ်လျဉ်းသည့် စည်းမျဉ်းများ၊ မူဝါဒများကို ရှင်းလင်းစွာ နားလည်သဘောပေါက်နိုင်ရန် ပြည်နယ်နှင့်တိုင်းအဆင့် သက်ဆိုင်ရာ စွမ်းရည် ပျိုးထောင်မှုလုပ်ရမည်။ ဤစွမ်းရည်ပျိုးထောင်မှုတွင် - **သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ၊ မြေယာရယူမှုများ**နှင့် **ကောင်းမွန်မှန်ကန်သော ပြန်လည်နေရာချထားရေးဆိုင်ရာ အလေ့အထများအား** စီမံခန့်ခွဲခြင်းကို ဦးစားပေးအနေဖြင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရမည်။

**၅။ စည်းမျဉ်းထိန်းချုပ်ရေးနှင့် မူဝါဒချမှတ်ရေး မူဘောင်ဆိုင်ရာ သိမြင်နားလည်မှုအား မြှင့်တင်ရန်။**

**လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဓိက အချက်များ**

- အခြားသူများနှင့် ပူးပေါင်း၍ စီးပွားရေး**လုပ်ငန်းများကြား သက်ဆိုင်ရာဥပဒေများနှင့် ပတ်သက်သော သိရှိမှုတိုးမြှင့်စေရန်။** ဤအချက်သည် လျင်မြန်စွာပြောင်းလဲနေသော ဥပဒေမူဘောင်အတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်ကောင်းဖြစ်နိုင်သည်။ ခရီးသွားလုပ်ငန်းကဏ္ဍအတွက် အဓိကဦးစားပေးရန် **အလုပ်သမားဥပဒေများကို** သိရှိမှု ဖြစ်သည်။ အထက်ပါ ဥပဒေများအကြောင်း သိရှိမှုကို မြှင့်တင်ပေးရန် အစိုးရအနေဖြင့် ILO၊ စီးပွားရေးလုပ်ငန်းများနှင့် ကုန်သွယ်မှု အသင်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။ အထူးအားဖြင့် ခရီးသွားများနှင့် ဧည့်လမ်းညွှန်များအကြား၊ အစိုးရအနေဖြင့် သိရှိမှုကိုမြှင့်တင်ပေးရန် လိုအပ်သော အခြားသောဥပဒေကဏ္ဍများမှာ **ပြည့်တန်ဆာလုပ်ငန်း၊ ကလေးလုပ်သားနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ဘေးသင့်နေသော မျိုးစိတ်များ** ကာကွယ်စောင့်ရှောက်ရေး အပါအဝင် **သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး**တို့နှင့် စပ်လျဉ်းသော ဥပဒေများဖြစ်သည်။
- တရားမဝင်သော အပြုအမူများ မဟုတ်သော်လည်း ဆိုးကျိုးသက်ရောက်မှုသို့ ဦးတည်သည့် အပြုအမူများကို ဟန့်တားသည့် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရမည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူ့ကျင့်ဝတ်နှင့် သွေဖီသောလုပ်ရပ်များကို နည်းပါးစေရေးတို့နှင့်စပ်လျဉ်းပြီး သိရှိမှုကို တိုးမြှင့်စေသည့် လုပ်ဆောင်ချက်များကို ဖော်ထုတ်ထားသော တာဝန်သိသော ခရီးသွားလုပ်ငန်းမူဝါဒနှင့်အညီ၊ စီးပွားရေးလုပ်ငန်းများနှင့် ခရီးသွားများသိရှိမှုကိုတိုးမြှင့်ရန် အောက်ပါလုပ်ဆောင်ချက်များဖြင့် လုပ်ဆောင်နေကြသည်။ ခရီးသွားများအတွက် ဆောင်ရန်၊ ရှောင်ရန်များ ဖြန့်ဝေပေးခြင်း၊ ခရီးသွားလုပ်ငန်းများအတွက် (ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း) ဥပဒေနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း။ မြန်မာနိုင်ငံတွင် ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စများမှာ **ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းများကို**

**ကာကွယ်ရန်နှင့် ၎င်းကိစ္စတို့ကို ကိုင်တွယ်ဖြေရှင်းရန်၊ မိဘတို့ ကလေးဧဟာများသို့ သွားရောက်သော ခရီးသွား လုပ်ငန်းနှင့် ခရီးသွားနေရာများတွင် တောင်းရမ်းနေသော ကလေးများအား လက်ဆောင်များပေးခြင်း၊ တိရစ္ဆာန်မျိုး စိတ်များမှ ပြုလုပ်ထားသော အမှတ်တရ ပစ္စည်းများကို** ဝယ်ယူခြင်း၊ **အမှိုက်ပစ်ခြင်း**နှင့် **ရေဖြုန်းတီးမှုမရှိစေရန်** တို့ဖြစ်သည်။

## ၆။ ပွင့်လင်းမြင်သာရှိရန်အတွက် ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်။

ခရီးသွားလာရေးဝန်ကြီးဌာနတွင် သက်ဆိုင်ရာဥပဒေများ၊ မူဝါဒများ၊ ညွှန်ကြားချက်များ၊ သတင်းအချက်အလက်များနှင့် ၎င်း၏လုပ်ဆောင်ချက်များနှင့် စပ်လျဉ်းသည့် အခြားသောသတင်းများကို အချိန်နှင့်တပြေးညီ တင်ပြပေးနေသည့် ဝက်ဘ်ဆိုဒ်တစ်ခုရှိသည်။ မြန်မာနိုင်ငံ၏ အုပ်ချုပ်မှုအပိုင်း၌ အပြောင်းအလဲများ ပိုမိုကျယ်ပြန့်လာသည်နှင့်အမျှ ခရီး သွားလာရေးကဏ္ဍတွင်လည်း ပွင့်လင်းမြင်သာမှုများ ပိုမိုတိုးတက်လာသင့်သည်။ အဆိုပါ အပြောင်းအလဲများတွင် သဘာဝ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း အများပြည်သူများ သိရှိစေရန် ထုတ်ဖော် ပြောကြားခြင်း၊ စီမံခန့်ခွဲမှုဆိုင်ရာ စီမံကိန်းများနှင့် ယင်းစီမံကိန်းများအပေါ် ပုံမှန်အစီရင်ခံချက်များ၊ အများဆုံး အခွန် ထမ်းဆောင်သူများစာရင်းကို ထုတ်ပြန်ကြေညာခြင်းတို့ပါဝင်သည်။ ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်သူများ ပိုမိုထိရောက်သော ခရီးသွားများ ဒေသများဆိုင်ရာ စီမံခန့်ခွဲမှုနှင့်အတူ မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်း မဟာစီမံကိန်းတွင် ဖော်ပြထားသော သတင်းအချက်အလက်များ စုဆောင်းမှုတိုးတက်စေရေး လုပ်ဆောင်ချက်များကို ကျင့်သုံးမည်ဆို ပါက ပွင့်လင်းမြင်သာမှုကို တိုးတက်လာစေမည်။

**လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဓိက အချက်များ**

■ ပိုမိုတိကျသော လုပ်ဆောင်မှုအဆင့်များဖြင့် **ပွင့်လင်းမြင်သာမှုကို တိုးတက်အောင်** လုပ်ဆောင်ရမည်။ ယင်း အဆင့်များမှာ-

- ခရီးသွားလာရေးလုပ်ငန်းစီမံအုပ်ချုပ်မှုတွင် ပါဝင်သော **အစိုးရအဖွဲ့အစည်းများအားလုံး၏ တာဝန်သတ်မှတ် ချက်များတွင် ပွင့်လင်းမြင်သာမှု တိုးမြှင့်စေရေး**နှင့် အကျင့်ပျက်မှုများတိုက်ဖျက်ရေးတို့ကို ထည့်သွင်းခြင်း။
- မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံကိန်း (လုပ်ငန်း ၃(၃) (၁))တွင် ဖော်ပြထားသည့် သုံးသပ်မှုအတွက် ၂၀၁၄-၁၅ တွင် ဟိုတယ်ဇုန် တည်ထောင်မှုအခြေအနေနှင့် စပ်လျဉ်း၍ သတင်းအချက်အလက် ရရှိစေရန် **တည်ဆဲနှင့် စီစဉ်ဆောင်ရွက်နေသည့် ဟိုတယ်ဇုန်များနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ပုံနှိပ် ထုတ်ပြန်ရန်။ (အောက်ပါ အကြံပြုချက် ၁(၄)ကို ကြည့်ပါ)။**
- အတင်းအကြပ် သိမ်းယူသော **မြေယာ၊ အိမ်၊ ကောက်ပဲသီးနှံ၊ အခြားသော ပိုင်ဆိုင်ပစ္စည်းများနှင့် ယင်းပစ္စည်း များအား သုံးစွဲခြင်းနှင့်ပတ်သက်၍ နစ်နာကြေးပေးဆောင်ရာတွင်** ပွင့်လင်းမြင်သာမှုကို တိုးတက်စေခြင်း။
- <u>Open Government Guide on Public Contracting နှင့်အညီ ပြုစုထားသော</u> **ပွင့်လင်းမြင်သာမှုရှိသော တင်ဒါခေါ်ယူရေး လုပ်ငန်းစဉ်**မှတစ်ဆင့် ကန့်သတ်နယ်မြေများအပါအဝင်၊ မြေယာများ ခွဲဝေချထားပေးမှု၊ သို့မဟုတ် ဟိုတယ်များနှင့် ခရီးသွားလုပ်ငန်း အဆောက်အဦနှင့် အသုံးအဆောင် ဝန်ဆောင်မှုများအတွက် လိုအပ်သောအထောက်အပံ့နှင့် အထူးအခွင့်အရေးအဖြစ် စျေးနှုန်းလျှော့ပေးမှုရှိရန်။
- (ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (Department of Cultural Heri-tage) မှ ကောက်ခံသော ဝင်ကြေးများ အပါအဝင် **ခရီးသွားဧည့်သည်များထံမှ ကောက်ခံရရှိသော ဝင်ငွေ များ၊** ယင်းငွေများကို မည်သို့အသုံးပြုကြောင်း၊ စပ်လျဉ်းပြီး သတင်းအချက်အလက်များ**ထုတ်ပြန်ကြေညာ ခြင်း။**
- ခရီးသွားလုပ်ငန်းငယ်များအတွက် ရိုးရှင်းလွယ်ကူသော **ခွင့်ပြုချက်ရယူခြင်းနှင့် လိုင်စင်လျှောက်ထားခြင်း ဆိုင်ရာ လုပ်ငန်းစဉ်များ။**
- **လေကြောင်းလုံခြုံရေးဆိုင်ရာ** သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း။

၇။ **ရှိရင်းနှင့် အသစ်ပေါ်ပေါက်လာသော ခရီးသွားဒေသများအတွက် ဇုန်အလိုက် စီမံကိန်းရေးဆွဲရေး မူဘောင်များ ကျင့်သုံးခြင်းနှင့် သက်ရောက်မှုများအား လေ့လာဆန်းစစ်သည့် ရေရှည်စီမံကိန်း (SIA) များ လုပ်ဆောင်ရန်။**

**ကိုးကားအထောက်အထား -** မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံကိန်း အဓိက အစီအစဉ် ၃(၁) – ခရီးသွား ဒေသများ စီမံခန့်ခွဲခြင်းအတွက် ဆန်းသစ်သော၊ ပေါင်းစည်းထားသော၊ ပါဝင်ဆောင်ရွက်နိုင်သော နည်းလမ်းများ ရေးဆွဲရန်၊ အဓိက ရည်မှန်းချက် ၃(၂) - ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် လူမှုရေးနှင့်ပတ်ဝန်းကျင် အကာအကွယ်များကို ခိုင်မာစေရန်၊ အဓိက ရည်မှန်းချက် ၃(၃) ခရီးသွားလုပ်ငန်း ဦးတည်ရာများတွင် ဇုန်များ တိုးတက်အောင် ပြုလုပ်ရန်။

*မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံကိန်း ၃(၃)(၁)' ခရီးသွားလုပ်ငန်းဒေသဇုန်များ တိုးတက်အောင်ပြုလုပ်ရန်' (Improving Zoning in Tourism Destinations) ဟုဆိုရာတွင် ဟိုတယ်ဇုန်ထူထောင်ရန် လိုအပ်ချက်များအား ပြန်လည်စိစစ်သုံးသပ်ရန် အစီအစဉ်များ ရေးဆွဲသွားမည်။ ခရီးသွားအများအပြား လာရောက်လည်ပတ်သော နေရာအားလုံးတွင် ကျင့်သုံးသွားမည်ဟု ဖော်ပြထားသည်။ ဇုန်အလိုက် အစီအစဉ် ချမှတ်ခြင်းအပြင် မတူညီသော နယ်မြေများအလိုက် သင့်လျော်မည့် လုပ်ငန်းများကို စိစစ်ဖော်ထုတ်သွားမည်။ စီမံကိန်းများစွာ၏ စုပေါင်းသက်ရောက်မှုကိုဖြေရှင်းရန် သက်ရောက်မှုများအား လေ့လာဆန်းစစ်သည့် ရေရှည်စီမံကိန်း(SIA)ကို အသုံးပြုသွားမည်။ ယင်းစီမံကိန်းများမှာ EIA ပြုလုပ်ရလောက်သည့် အခြေခံ အရွယ်အစားတစ်ခုအထိ ကြီးမားမည် မဟုတ်ပေ။*

**လက်တွေ့ အကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက် အဓိက အချက်များ**

- ဟိုတယ်ဇုန်များ တည်ဆောက်ရေး အခြေအနေအတွက် **၂၀၁၄-၁၅ ခုနှစ် ခရီးသွားလုပ်ငန်း မဟာစီမံကိန်းအား ပြန်လည်လေ့လာသုံးသပ်မှုကို** အရှိန်မြှင့်တင် ဆောင်ရွက်ရမည် (မြန်မာနိုင်ငံ တာဝန်သိ ခရီးသွားလုပ်ငန်းမူဝါဒ အပေါ် အခြေတည်၍ တိုးတက်မှုများ၊ ပေါ်ပေါက်လာနေသောကိစ္စရပ်များအား သုံးသပ်ရမည်။ သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို အကာအကွယ်ပေးရန်၊ ဒေသခံ နေထိုင်သူများ၏ သာယာဝပြောမှုကို ဆောင်ကြဉ်း ပေးရန်ဟူသည့် အမျိုးသားအဆင့် ဦးတည်ချက်များနှင့် ဟိုတယ်ဇုန် အစီအစဉ်များကို သဟဇာတဖြစ်စေမည့် အစီအစဉ်ချမှတ်ရေး မူဘောင်တစ်ရပ် ရေးဆွဲရမည်။ ခရီးသွားလုပ်ငန်း မဟာစီမံကိန်းတွင် ပုံဖော်ထားသည့် "ဇုန်အလိုက် အစီအစဉ်ချမှတ်ရေး မူဘောင်" ရေးဆွဲရာတွင် လိုအပ်သော အချက်အလက်များ ရရှိစေရန် သက်ဆိုင်သူ အများပါဝင်သော ဆွေးနွေးခြင်း၊ အခြေအတင် ပြောဆိုခြင်းများဖြင့် ဤလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက် ရမည်။
- အသစ်ဖြစ်ထွန်းလာသော၊ ကျယ်ပြန့်လာသော သို့မဟုတ် အထိအခိုက်မခံနိုင်သော နေရာများတွင် ပမာဏကြီးမားသော ခရီးသွားလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းအတွက် **သက်ရောက်မှုများအား လေ့လာဆန်းစစ်သည့် ရေရှည်စီမံကိန်း** (SIA) (သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများအား လေ့လာဆန်းစစ်သည့် ရေရှည် စီမံကိန်းဟုလည်း ခေါ်ဆိုကြသည်။) ဆောင်ရွက်ရမည်။ လုပ်ငန်းများ စတင်ဆောင်ရွက်ခြင်း မပြုမီ အနှစ် သာရ ပြည့်ဝသော ရပ်ရွာအသိုက်အဝန်းနှင့် နီးနီးကပ်ကပ် နှီးနှောဖလှယ်မှုများ ပြုလုပ်ရမည်။ သက်ရောက်မှုများအား လေ့လာ ဆန်းစစ်သည့် ရေရှည်စီမံကိန်း (SIA) ပြုလုပ်ရာတွင် ခရီးသွားလာရောက်နိုင်မှု အမြင့်ဆုံးအဆင့်နှင့် ဒေသမှ နေရာပေးနိုင်သော အခြေခံအဆောက်အဦ အနေအထားများကို လေ့လာဆန်းစစ်နိုင်ရန် လူမှုရေးနှင့်ပတ်ဝန်းကျင် ဆိုင်ရာ `ဝန်အားထမ်းဆောင်စွမ်း´ (carrying capacity) ကို လေ့လာဆန်းစစ်ခြင်းပါဝင်ရမည်။ သက်ရောက်မှုများ အား လေ့လာဆန်းစစ်သည့် ရေရှည်စီမံကိန်း (SIA) များသည် ဖြစ်ထွန်းလာနေသည့် မြန်မာနိုင်ငံ ဥပဒေ မူဘောင် အရ လိုအပ်သော စီမံကိန်းအဆင့် EIA များကို ဆက်လက် သတင်းအချက်အလက်ပေးနိုင်ရမည်။
- သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ ဒေသခံ နေထိုင်သူများ၏ သာယာဝပြောမှုတို့ ထိခိုက်စေမည့် ဆိုးကျိုး သက်ရောက်မှုများကို ရှောင်ရှားနိုင်ရန် ဤသုံးသပ်မှု မပြီးမီနှင့် SIA နည်းလမ်းတစ်ရပ် လက်ခံကျင့်သုံးနိုင်ခြင်း မရှိသေးမီ **ဟိုတယ်ဇုန်များ ဆက်လက်တည်ထောင်ရန် ဆုံးဖြတ်ချက်များကို ဆိုင်းငံ့ထားသင့်သည်။**

**၈။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နယ်မြေခံရပ်ရွာများ ပါဝင်ရေး၊ ၎င်းတို့နှင့် တိုင်ပင်ဆွေးနွေးရေးနှင့် ၎င်းတို့ကို ထည့်သွင်းရေးက ဆက်လက်၍အားပေးရန်။**

**ကိုးကားအထောက်အထား** - မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံကိန်း – အဓိက ရည်မှန်းချက် ၃(၆) - မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်မှုခိုင်မာစေရန်၊ အဓိကရည်မှန်းချက် ၄(၃) ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းစဉ်အဆင့်များ၊ တာဝန်သိသော ခရီးသွားလုပ်ငန်းမူဝါဒနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေးမူဝါဒများ အားကောင်းစေရန်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေး (CIT) မူဝါဒဆိုင်ရာ အစိုးရ၏ မူဝါဒတွင် ရပ်ရွာအသိုက်အဝန်းအတွင်းရှိ ဒေသခံများ အများအပြားပါဝင်စေရန် ၎င်းတို့၏ ဒေသအတွင်းရှိ ခရီးသွားလုပ်ငန်းများ၏ ဖွံ့ဖြိုးရေးနှင့် စီမံခန့်ခွဲမှုတွင် ကောင်းစွာထိန်းချုပ်နိုင်ခွင့်ကို တဖြည်းဖြည်းချင်း တိုးမြှင့်ရရှိစေခြင်း´ဟု ဖွင့်ဆိုထားသည်။ ယင်း၏ ရည်မှန်းချက်များတွင် အဖွဲ့အစည်းဆိုင်ရာ ပတ်ဝန်းကျင်နှင့် အရပ်ဘက်အဖွဲ့အစည်းများ အားကောင်းစေရေး၊ ခရီးသွားလုပ်ငန်းရှိ ရပ်ရွာနှင့်ဆက်စပ်သည့် လုပ်ငန်းများတွင် စွမ်းဆောင်ရည် မြှင့်တင်ပေးရေး၊ ခရီးသွားလုပ်ငန်းတွင် ရပ်ရွာအစီအစဉ်နှင့် စီမံခန့်ခွဲမှုများ အားကောင်းစေရန် အကာအကွယ်များ၊ စနစ်များနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားရှိရေး၊ အသေးစားနှင့် ဒေသအဆင့်လုပ်ငန်းများမှတဆင့် ဒေသခံများ၏ စီးပွားရေးကြံဆဆောင်ရွက်နိုင်မှုကို အားပေးရေး၊ ရပ်ရွာအဆင့်တွင် အရည်အသွေးမီ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ အမျိုးအမည်စုံလင်စွာ ထုတ်လုပ်နိုင်ရေး၊ ခရီးသွားလုပ်ငန်းတွင် ရပ်ရွာအသိုင်းအဝန်းမှ ပါဝင်ခြင်းကြောင့် ဖြစ်ပေါ်သော ကောင်းကျိုးနှင့် ဆိုးကျိုးသက်ရောက်မှုများအား စောင့်ကြည့် စစ်ဆေးခြင်းတို့ ပါဝင်သည်။

ဤမူဝါဒတွင် လုပ်ဆောင်ရန်အချက်များကို သတ်မှတ်ဖော်ပြထားပြီး ယင်းတို့ကို အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုအစိုးရနှင့် ဒေသဆိုင်ရာ အစိုးရများ၏ အခန်းကဏ္ဍကို သတ်မှတ်ထားသည်။ ဒေသဆိုင်ရာ အစိုးရများအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်ချမှတ်ခြင်း၊ မြေယာအသုံးပြုမှု အစီအစဉ်ချမှတ်ခြင်းနှင့် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်း များတွင် ဦးဆောင်မှုအခန်းမှပါဝင်ရန် သတ်မှတ်ထားသည်။ ယင်းတာဝန်တွင် ဒေသခံရပ်ရွာများ၏ ပါဝင်ဆောင်ရွက်မှုကိုကူညီခြင်းနှင့် စီးပွားရေးလုပ်ငန်းများအား အမျိုးသားအဆင့် မူဘောင်နှင့်အညီ လိုင်စင်ထုတ်ပေးခြင်း ပါဝင်သည်။

ဒေသအတွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် အငယ်စားလုပ်ငန်းများအား သင်တန်းပေး လေ့ကျင့်သင်ကြားခြင်းနှင့် ပံ့ပိုးမှု ပေးခြင်း တို့နှင့်စပ်လျဉ်းသည့် လုပ်ဆောင်ရန်အချက်များကို သတ်မှတ်ထားသကဲ့သို့ အရည်အသွေးမီ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ရေးနှင့် ဈေးကွက်ရှာဖွေရေး၊ ရပ်ရွာများသို့ သွားရောက်မှုများ အတွက် လိုက်နာရမည့်ကျင့်ဝတ် စသည်တို့ကိုလည်း ပြဋ္ဌာန်းပေးထားသည်။ လုပ်ဆောင်ရန်အချက်များသည် ဒေသခံများအတွက် အကာအကွယ်ပေးရေးစသည့်နှင့် လူ့အခွင့်အရေး လေးစားမှုတို့ထက် စီးပွားရေး အကျိုးအမြတ်ရရှိစေရေး ဦးတည်ထားသော်လည်း ဤလုပ်ဆောင်ရန် အချက်များသည် ယင်းအဓိကမူများ၏ တစ်စိတ်တစ်ပိုင်းပင်ဖြစ်သည် (စာမျက်နှာ မူရင်း ၁၄ -၁၆)။ CIT မူဝါဒကို အပြည့်အဝ အကောင်အထည်ဖော်ရေးအား အခိုင်အမာ ထောက်ခံအကြံပြုသည်။

သို့ရာတွင် SWIA သုတေသနမှတ်တမ်းနှင့် အခြားအစီရင်ခံစာများအရ လက်ရှိတွင် မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးသည် မျဉ်းပြိုင်နှစ်ကြောင်းကဲ့သို့ ရှိနေသည်။ အချို့ဒေသများမှာ CIT မူဝါဒ ကျင့်သုံးမှုအောက်တွင် ကျရောက်နေပြီး အချို့ဒေသများမှာမူ အစိုးရနှင့် စီးပွားရေးလုပ်ငန်းကြီးများ (များသောအားဖြင့် ဒေသ ပြင်ပမှ) ချမှတ်သော ဆုံးဖြတ်ချက်များနှင့် ရင်ဆိုင်နေရသည်။ ဒုတိယလမ်းကြောင်းတွင် ရပ်ရွာအသိုက်အဝန်းနှင့် နှီးနှောဖလှယ်မှု မရှိသကဲ့သို့ ပဋိပက္ခဖြစ်ပွားစေမည့် အလားအလာများ ဖန်တီးလျက်ရှိသည်။

**လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဓိက အချက်များ**

- လုပ်ငန်းများ စတင်ဆောင်ရွက်ခြင်း မပြုမီ အနစ်သာရပြည့်ဝသော ရပ်ရွာအသိုက်အဝန်းနှင့် နှီးနှောဖလှယ်မှုများ ပြုလုပ်ရမည်။ ယင်းသို့ပြုလုပ်ရာတွင် ဒေသခံ အသိုက်အဝန်းများအား ဆုံးဖြတ်ရန် အခွင့်အရေးပေးရမည်။ ခရီး

သွားလုပ်ငန်း ထူထောင်ခြင်းကို မည်မျှ မြန်မြန်ဆောင်ရွက်မည်ဆိုခြင်းအား အစိုးရတစ်ခုတည်းက မဆုံးဖြတ်ဘဲ ဒေသခံများမှာလည်း ပါဝင်ဆုံးဖြတ်စေခြင်းအားဖြင့် ခရီးသွားလုပ်ငန်းများကို ဒေသပြင်ပမှသူများအတွက် အဓိက ထားရည်ရွယ်၍ လက်ရှိပူပန်မှုများကို လျော့ကျစေရန်။

- တိုင်းရင်းသား လူနည်းစုများနေထိုင်ရာဒေသများတွင် ဒေသခံများအား ၎င်းတို့၏ဒေသခံ ဘာသာစကားဖြင့် ဆက်သွယ်ရမည်။ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များ၊ လိုအပ်ပါက အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့ များလည်း ကျယ်ပြန့်စွာ ပါဝင်ပါစေ။ ယင်းရပ်ရွာများတွင် မူလနေထိုင်သူ သို့မဟုတ် မြေယာနှင့် ဆက်စပ်နေ သူများ ပါဝင်ပါက ယင်းတို့၏ မြေ သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ကို အသုံးပြုမည့် ခရီးသွားလုပ်ငန်းများ ထူထောင်ခြင်းအတွက် လွတ်လပ်ပြီး ကြိုတင်သတင်းအချက်အလက်ရရှိထားသော သဘောတူညီချက် (Free Prior Informed Consent) တစ်ရပ်ကို ယင်းတို့အနေဖြင့် ပေးအပ်ခွင့် သို့မဟုတ် ငြင်းပယ်ခွင့်ရှိရမည်။ ယင်းကို UNDRIP နှင့် IFC Performance Standard 7 တို့နှင့်အညီ ဆောင်ရွက်ရမည်။

### ၉။ တရားစီရင်ရေးအတွင်းနှင့် တရားစီရင်ရေးပြင်ပမှ ကုစားမှုလုပ်ငန်းစဉ်များကို အားကောင်းစေရန်။

မြန်မာနိုင်ငံ၏ တရားရေးစနစ်အား ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရာတွင် ဘက်စုံလွှမ်းခြုံမှုရှိရန် လိုအပ်ပြီး ထိုသို့ ဆောင်ရွက် ရာတွင် နှစ်များစွာ အချိန်ယူရမည်။ ကြားကာလနှင့် ရေရှည်ကာလတစ်ခုတိုင်အောင် လုပ်ငန်း၏ သက်ရောက်မှုများအား ခံစားရသူများအတွက် ကုသမှုနည်းလမ်းမှာ ရုံးတွင်း ဥပဒေလုပ်ငန်းစဉ်အပြင် ကမ္ဘာ့ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးများဆိုင်ရာ အခြေခံလမ်းညွှန်စည်းမျဉ်းများ (UN Guiding Principles on Business and Human Rights) နှင့်အညီ အခြားထိရောက်သောနည်းလမ်းများ အဆင်သင့်ရှိရန် အရေးကြီးသည်။

မြန်မာနိုင်ငံတွင် ဥပဒေအရ တရားစီရင်ရေးဆိုင်ရာနည်းလမ်းမဟုတ်သော အစီအမံများနှင့် တရားစီရင်ရေး ပြင်ပ စနစ်များ ဖြစ်ထွန်းလာနေသော်လည်း လက်ရှိတွင် ၎င်းတို့ထံတွင် မကျေနပ်ချက်တိုင်ကြားမှုများဖြင့် ဂန်ပိနေသကဲ့သို့ ယင်းတို့၏ လုပ်ပိုင်ခွင့်မှာလည်း အကန့်အသတ်များရှိနေခြင်းကြောင့် ထိရောက်မှုမှာလည်း အကန့်အသတ်ရှိနေသည်။ ယခင်က ဒေသခံများအနေဖြင့် ခရီးသွားလုပ်ငန်း စီမံကိန်းများကို ကန့်ကွက်ဆန္ဒဖော်ထုတ်မှုကြောင့် တရားစွဲခံခဲ့ကြရ သော အဖြစ်အပျက်များ ရှိခဲ့ဖူးသည်။

**လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဓိက အချက်များ**

- ခရီးသွားလုပ်ငန်းများကြောင့် သက်ရောက်မှုများ၊ ထိခိုက်မှုများရှိသည့် ရပ်ရွာများနှင့် အလုပ်သမားများအတွက် **တရားရုံးပြင်ပမှ ထိခိုက်မှုများ၊ စိုးရိမ်မှုများကို ဖော်ထုတ်ပြောဆိုဖြေရှင်းနိုင်သော စနစ်များခိုင်မာအောင် ပြုလုပ်ရမည်။**
- Environmental and Social Management Plans (ESMP) အရ ကုမ္ပဏီ၏ စာချုပ်ပါ အချက်များအပါအဝင် စီးပွားရေးလုပ်ငန်းများအနေဖြင့် လူ့အခွင့်အရေးကို လေးစားမှု၊ အရပ်ဘက်အဖွဲ့ အစည်းမှ ထုတ်ပြန်သော သတင်းအချက်အလက်များကို အပြုသဘော တုန့်ပြန်မှုတို့အပေါ် အရပ်ဘက်အဖွဲ့ အစည်းတို့အနေဖြင့် စောင့် ကြည့်စစ်ဆေးနိုင်ရန်အတွက် ၎င်းတို့အား စွမ်းဆောင်ရည်မြှင့်တင်မှုများ ပြုလုပ်ရမည်။
- ခရီးသွားလုပ်ငန်း စီမံကိန်းများကို ငြိမ်းချမ်းစွာကန့်ကွက်သူများနှင့် လုပ်ငန်းကြောင့်သက်ရောက်မှုခံရသော ရပ်ရွာ များအား ရာဇဝတ်မှုမြောက်စေခြင်း၊ ခြိမ်းခြောက်ခြင်း မရှိစေရ။ ငြိမ်းချမ်းစွာ ကန့်ကွက်မှုများကို ဖိနှိပ်ရန် အသုံးပြု လျှက်ရှိသည့် ငြိမ်းချမ်းစွာ စုဝေးလှည့်လည်ရေး ဥပဒေနှင့် အခြားဥပဒေများအား ပြုပြင်ခြင်းအားဖြင့် ယင်းအချက် ကို အထူးတလည် ဆောင်ရွက်ရမည်။ ထို့အပြင် တရားစွဲဆိုမှုတွင် ပါဝင်သူများအားလည်း အင်အားအသုံးပြုမည်ဟု ခြိမ်းခြောက်ခြင်း၊ ကြောက်လန့်အောင်ပြုခြင်းနှင့် အနှောင့်အယှက်ပေးခြင်းတို့ မရှိစေရန် ဆောင်ရွက်ရမည်။
- ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ထိခိုက်နစ်နာမှုများ၊ စိုးရိမ်ပူပန်မှုများကြောင့် ဖြစ်ပေါ်သောအငြင်းပွားမှုများနှင့် စပ်လျဉ်း၍ **တရားစီရင်ရေးဆိုင်ရာ အစီအမံများနှင့် တရားစီရင်ရေး ပြင်ပစနစ်များ၏ ရလာဒ်ကို အများပြည်သူ သိရှိအောင် ထုတ်ပြန်ပေးရမည်။**

# ပြည်တွင်း-ပြည်ပ စီးပွားရေးလုပ်ငန်းများသို့ အကြံပြုချက်များ

**၁။ ခရီးသွားလုပ်ငန်း မဟာစီမံကိန်း၏ မူများနှင့် အစိုးရအနေဖြင့် ယင်းအစီစဉ်ပါ တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သည့် ကဏ္ဍများကို အကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီရန်။**

၂၀၁၃ ခုနှစ် ခရီးသွားလုပ်ငန်း မဟာစီမံကိန်း၏ လမ်းညွှန်မှုများသည် ၂၀၁၂ ခုနှစ် တာဝန်သိသော ခရီးသွားလုပ်ငန်းမူဝါဒပါ ရည်မှန်းချက်များကို ထင်ဟပ်ဖော်ပြသည်။ ယင်းမူများတွင် ခရီးသွားလုပ်ငန်းကို နိုင်ငံ၏ ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ဖွံ့ဖြိုးအောင်ဆောင်ရွက်ရန်၊ ဒေသဆိုင်ရာလူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို ကျယ်ပြန့်စွာ တိုးတက်အောင် ဆောင်ရွက်ရန်၊ ယဉ်ကျေးမှုကွဲပြားစုံလင်ခြင်းနှင့် မူရင်းဓလေ့ ယဉ်ကျေးမှုများကို ထိန်းသိမ်းရန်၊ မြန်မာနိုင်ငံ၏ စောင့်ရှောက်ထားသောဒေသများနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီး တိုးတက်အောင်ဆောင်ရွက်ရန်၊ ထုတ်ကုန်များ၏ ကြွယ်ဝမှု၊ အမျိုးအစားစုံလင်မှုနှင့် အရည်အသွေးတို့ ပြိုင်ဆိုင်နိုင်စွမ်းရှိစေရန်၊ ခရီးသွားများ၏ ကျန်းမာရေး၊ ဘေးကင်းရေးနှင့် လုံခြုံရေးစိတ်ချရစေရန်၊ ခရီးသွားလုပ်ငန်းများကို စီမံခန့်ခွဲရန် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်ခိုင်မာစေရန်၊ ကောင်းစွာလေ့ကျင့်ထားပြီး အကျိုးခံစားခွင့်ပေးထားသော လုပ်သားအင်အားစုတစ်ရပ် ထူထောင်ရန်နှင့် ကျင့်ဝတ်နှင့် မညီသော အလေ့အထများ လျော့နည်းစေရန်တို့ ပါဝင်သည်။

အစီအစဉ်တွင် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်းသည့် ရည်မှန်းချက်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အရေးပါသော လုပ်ငန်းအနေဖြင့် သတ်မှတ်ထားသည်။ အထူးသဖြင့် ယင်းအချက်များမှ ခရီးသွားလုပ်ငန်းမဟာစီမံကိန်း၏ မဟာဗျူဟာ လုပ်ငန်းအစီအစဉ် (၃)တွင် ပါဝင်သော ခရီးသွားဒေသများ အစီအစဉ်ချမှတ်ရေးနှင့် စီမံခန့်ခွဲရေးအတွက် အကာအကွယ်များနှင့် လုပ်ထုံးလုပ်နည်းများ အားကောင်းစေရေး ဖြစ်သည်။ ယင်းလုပ်ငန်းများတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းများ အဖွဲ့ချုပ် (MTF)အတွက်လည်း သီးသန့်အခန်းကဏ္ဍကို ပြဋ္ဌာန်းထားသည်။ သို့ရာတွင် MTF၏အဖွဲ့ဝင်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ မြန်မာဖြစ်စေ၊ နိုင်ငံခြားဖြစ်စေ စီးပွားရေးလုပ်ငန်းအားလုံးသည် ခရီးသွားလုပ်ငန်း မဟာစီမံကိန်း အကောင်အထည် ဖော်ရာတွင် ပါဝင်ဆောင်ရွက်နိုင်သည်။ ယင်းသို့ ပါဝင်ဆောင်ရွက်ရာတွင် နီးနှောဖလှယ်မှုများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အလေ့အထကောင်းများကို လက်ခံကျင့်သုံးခြင်းနှင့် မျှဝေခြင်း၊ ၎င်းတို့၏ ဧည့်သည်များ ကျင့်ဝတ်နှင့်မညီသည့် အပြုအမူများ မပြုလုပ်စေရန် ဟန့်တားခြင်းများ၊ ဆောင်ရွက်ခြင်းနည်းလမ်းများဖြင့် ပါဝင် ဆောင်ရွက်နိုင်သည်။

**၂။ နိုင်ငံတကာ လူမှုဘဝ သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေး စံချိန်စံညွှန်းများကို ကျင့်သုံးရန်နှင့် စီးပွားရေးလုပ်ငန်းများ၊ ယင်း၏ ကုန်ပစ္စည်းပေးသွင်းသည့် လုပ်ငန်းများ ကွင်းဆက်အဆင့်ဆင့်အပေါ် ထိုက်သင့်သော ဂရုစိုက်မှု ထားရှိရန်။**

ဤ SWIA တွင် လူမှုဘဝ သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးကိစ္စများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ထွန်းနေသော ဥပဒေမူဘောင်၏ လစ်ဟာချက်များကို မီးမောင်းထိုး ပြထားသည်။ အမျိုးသားအဆင့် ဥပဒေများကို လက်ခံ ကျင့်သုံးပြီဟု ဆိုရုံမျှဖြင့်လည်း မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများ၏ တာဝန်ယူမှုရှိသော စီးပွားရေးကျင့်ဝတ် စံချိန်စံညွှန်းများကို အပြည့်အဝ ထင်ဟပ်နေမည်ဟု မယူဆနိုင်ပေ။ ထို့အပြင် နိုင်ငံတကာ စံချိန်စံညွှန်းများ ကျင့်သုံးခြင်းသည် အမျိုးသားအဆင့် ဥပဒေများ မပြတ်မသားရှိနေစဉ် အချိန်တွင် ကုမ္ပဏီများအား သေချာရေရာမှုတစ်ခု ပေးအပ်နိုင်မည့်အပြင် ဒေသခံနှင့် နိုင်ငံတကာမှ သက်ဆိုင်သူများအား ယုံကြည်မှုပေးနိုင်မည် ဖြစ်သည်။ OECD တွင် အခြေစိုက်သော ကုမ္ပဏီများအနေဖြင့် UN Guiding Principles on Business and Human Rights သို့ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် OECD Guidelines on Multinational Enterprises ကို ကျင့်သုံးရမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပိုမိုသေးငယ်သော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် ကုမ္ပဏီကြီးများအတွက် ပစ္စည်းသွင်းသူများဖြစ်ရာ ယင်းတို့ကို နိုင်ငံတကာ လူမှုဘဝ သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေး စံချိန်စံညွှန်းများ ပြည့်မီရန် ပံ့ပိုးကူညီရမည်။

**လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရန် အတွက် အဓိက အချက်များ:**

- ILO Declaration on Fundamental Principles and Rights at Work ကဲ့သို့ **နိုင်ငံတကာ လူမှုဘဝ သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေး စံချိန်စံညွှန်းများ**နှင့် ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်သည့် လုပ်ထုံးလုပ်နည်းများ (ILO Convention 172 Working Conditions (Hotels and Restaurants (1991) နှင့် ILO recommendationR179 Working Conditions (Hotels and Restaurants) Recommendation (1991),IFC Performance Standards နှင့် Environmental, Health, and Safety Guidelines for Tourism and Hospitality Development ကို လက်ခံကျင့်သုံးပါ။
- The Global Sustainable Tourism Criteria, UNWTO Private Sector Commitment to the Global Code of Ethics for Tourism နှင့် Travelife Sustainability System Criteria ကဲ့သို့ **တည်ဆဲ ခရီးသွားလုပ်ငန်း စံချိန်စံညွှန်းများကို လက်ခံကျင့်သုံးရမည်။**
- ပစ္စည်းသွင်းသူများနှင့် ၄င်းတို့နှင့် သက်ဆိုင်သော လုပ်ငန်းအဆင့်ဆင့်တွင် နိုင်ငံတကာ စံချိန်စံညွှန်းများကို အခြေခံသော အလေ့အထကောင်းများ ဆောင်ရွက်ခြင်းကို ကြပ်မတ်ခြင်းအားဖြင့် **တာဝန်သိသော ခရီးသွားလုပ်ငန်း အလေ့အထများကို မြှင့်တင်ရမည်။** စီးပွားရေးလုပ်ငန်းများအနေဖြင့် သီးသန့်စာချုပ်ပါ သတ်မှတ်ချက်များ သို့မဟုတ် ပစ္စည်းသွင်းသူများ၏ ကျင့်ဝတ်များကို သတ်မှတ်ထားရှိရမည်။ ယင်းသို့ဆောင်ရွက်ရာတွင် စီးပွားရေးအကျိုးတူ ပူးပေါင်းပါဝင်သူများအနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများပေးသွင်းရာတွင် သင့်လျော်သည့် နိုင်ငံတကာအဆင့်၊ အမျိုးသားအဆင့်နှင့် ကုမ္ပဏီအဆင့် စံချိန်စံညွှန်းများကို လိုက်နာလေးစားရေးအတွက် စောင့်ကြည့်စစ်ဆေးခြင်း၊ ပံ့ပိုးကူညီခြင်းနှင့် ထိုက်သင့်သည့် ဆုပေးဒဏ်ပေးစနစ် နည်းလမ်းများကို တွဲဖက်အသုံးပြုရမည်။
- တည်ဆဲ စီမံကိန်းများသည် **သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများအား ကနဦးလေ့လာမှုပြုခြင်း** (Initial Environmental Evaluation-IEE) သို့မဟုတ် Environmental Impact Assessment (EIA) လိုအပ်သည် ဆိုသည်ကို သတ်မှတ်ရန် **မြန်မာနိုင်ငံ၏ (EIA) မူဘောင်ကို လေ့လာအကောင် အထည်ဖော်ရမည်။** စီးပွားရေးလုပ်ငန်းများအနေဖြင့် အကယ်၍ရှိပါက ဒေသအဆင့်တွင် အကောင်အထည်ဖော်နေသော သက်ရောက်မှုများအား လေ့လာဆန်းစစ်သည့် ရေရှည်စီမံကိန်း (SIA) (အကြံပြုချက် ၃(၃)ကို ရှုပါ) ကို ကိုးကားနိုင်သည်။ မည်သည့်အခြေအနေတွင်မဆို လုပ်ငန်း၏အရွယ်အစားနှင့် လုပ်ဆောင်သည့် ပမာဏနှင့် ဆီလျော်သည့် **သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝများအပေါ် သက်ရောက်မှုများကို စီမံခန့်ခွဲနိုင်စေမည့် အဖွဲ့အစည်းတွင်း အစီအစဉ် တစ်ရပ်** ထားရှိပါ။ ယင်းအစီအစဉ်တွင် ပြန်လည်အသုံးပြုခြင်း၊ အသုံးပြုပြီးရေအား ပြန်လည်အသုံးပြုနိုင်ရန် စီမံပြုလုပ်ခြင်းစနစ်များ (အစိုင်အခဲ၊ အညစ်အကြေးနှင့် ရေဆိုးများအတွက်) ပါဝင်ရမည်။ အလားတူပင် ခရီးသွားများအား ရေအသုံးပြုမှု လျှော့ချရန် အကြံပေးခြင်း၊ မိုးရေ စုဆောင်းခြင်းအတွက် ရင်းနှီးမြှုပ်နှံ ခြင်းနှင့် ရေဆိုးများအား ပြန်လည်အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်း၊ ထိရောက်သော စွမ်းအင်ဖြစ်စေရေးအတွက် ကုန်ကျစရိတ်နှင့်အမျှ အကျိုးရှိပြီး ပြန်လည်ဖြည့်စွမ်းနိုင်သော စွမ်းအင်များ အသုံးပြုခြင်းတို့ ပါဝင်ရမည်။
- ဒေသခံများ၊ အလုပ်သမားများနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးတွင် ပါဝင်နေသော ရပ်ရွာအခြေပြုအဖွဲ့အစည်းများကဲ့သို့ **သက်ရောက်မှုခံရသူများနှင့် စောစီးစွာ၊ အနှစ်သာရ ပြည့်ဝသော အဆက်မပြတ် ထိတွေ့ဆက်ဆံခြင်း၊ ယင်းတို့နှင့် နီးနှောဆွေးနွေးခြင်း၊ ယင်းတို့အား ပါဝင်ဆောင်ရွက်စေခြင်းတို့ကို** ဆောင်ရွက်ရမည်။ သက်ဆိုင်ရာ ရပ်ရွာတစ်ခုအတွက် တရားဝင်ကိုယ်စားပြုသူတို့ ပြောရေးဆိုခွင့်ရှိသည်ကို စိစစ်ဖော်ထုတ်ရမည်။

- သက်ရောက်မှုများအား လေ့လာဆန်းစစ်ရာတွင် တွေ့ရှိချက်များကို အများပြည်သူထံသော်လည်းကောင်း၊ သက်ရောက်မှု ခံသူများထံ တိုက်ရိုက်သော်လည်းကောင်း အစီရင်ခံရမည်။
- **သက်ဆိုင်သူများနှင့် ထိတွေ့ဆက်ဆံ ဆောင်ရွက်**သည့်အခါ **လူ့အခွင့်အရေးကို အခြေပြုသည့် နည်းလမ်း (HRBA)** ကို ကျင့်သုံးရမည်။ ယင်းနည်းလမ်းတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ခွဲခြားဆက်ဆံမှု မရှိခြင်း၊ အခွင့်အရေး ရှိသူတို့အား အခွင့်အာဏာပေးခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တာဝန်ခံမှုရှိခြင်းတို့ ပါဝင်သည်။
- ကန့်ကွက်သူများနှင့် လူ့အခွင့်အရေး ကာကွယ်သူများအား ဖိနှိပ်ရာတွင် **ပါဝင်ဆောင်ရွက်ခြင်းနှင့် ပတ်သက်ခြင်းမှ ရှောင်ရှားရမည်။** ငြိမ်းချမ်းစွာ စုဝေးလှည့်လည်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့ကို ထောက်ခံအားပေး ရမည်။

## ၃။ လူ့အခွင့်အရေးများကိုလေးစားလိုက်နာမှုရှိရေးအတွက်ဂရုပြုကြိုးပမ်းအားထုတ်မှုများပိုမိုအားကောင်းလာစေရန်။

မြန်မာနိုင်ငံ၏ ပဋိပက္ခရှိသောဒေသများတွင် ရှုပ်ထွေးသော လုပ်ငန်းပတ်ဝန်းကျင် တစ်ခုဖြစ်သည့် အနေအထားအရ လူ့အခွင့်အရေးကိစ္စအားလုံးကို ထည့်သွင်းစဉ်းစားလျှက် စီးပွားရေးလုပ်ငန်းများနှင့် အထူးသဖြင့် ဟိုတယ်အုပ်စုများ အနေဖြင့် မြေယာကဲ့သို့ ကိစ္စများတွင် အထူးဂရုပြုဆောင်ရွက်ရန် အကြံပြုသည်။ အဘယ်ကြောင့်ဆိုသော် မြေယာ သိမ်းယူခြင်းများသည် ပဋိပက္ခများ၊ ကန့်ကွက်မှုများနှင့် တရားရုံးအမှုအခင်းများအပြင် အလုပ်သမား ကိစ္စရပ်များ အတွက် ပြဿနာ၏ အကြောင်းရင်းခံဖြစ်ခဲ့သောကြောင့် ဖြစ်သည်။ (ဤကိစ္စနှင့် စပ်လျဉ်း၍ အသေးစိတ်ကို အပိုင်း ၄(၃)နှင့် ၄(၄)တွင် ရှုပါ)။

### လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဓိကအချက်များ

*မြေယာ*

- မြေယာရယူခြင်း မပြုမီ အရပ်ဘက်အဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်သူများနှင့် ထိတွေ့ဆက်ဆံလျှက် **မြေယာ အသုံးပြုမှု၊ ဓလေ့ထုံးတမ်းအရ အသုံးပြုမှု၊ ယခင်နှင့် လက်ရှိပိုင်ဆိုင်မှုနှင့် အသုံးပြုမှုတို့ကို စစ်ဆေးစုံစမ်း ရမည်။**
- မြေယာမဲ့များအပေါ် မြေယာရယူမှု၏ သက်ရောက်မှုကို ထည့်သွင်းစဉ်းစားရမည်။ ယင်းတို့အနေဖြင့် အခြားသူ တို့၏ လယ်မြေပေါ်တွင် အသက်မွေးဝမ်းကျောင်းမှုအတွက် မှီခိုနေရခြင်း ဖြစ်နိုင်သည်။
- တပ်မတော် သို့မဟုတ် ယခင် စစ်အစိုးအရနှင့် ရင်းနှီးသည့် ကုမ္ပဏီများ (နိုင်ငံခြားကုမ္ပဏီ၏ ပြည်တွင်းစီးပွား ဘက်များလည်း ဖြစ်နိုင်သည်။) ရယူထားသည့် မြေယာများနှင့် စပ်လျဉ်း၍ အသေးစိတ် ဂရုတစိုက်ဆောင်ရွက်ရ မည်။ ဂရုစိုက်ဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် ရပ်ရွာများနှင့် နီးနောဖလှယ်ရာတွင် ပျက်ကွက်မှုများ ရှိမရှိ (သို့မဟုတ် နီးနောဖလှယ်မှု လုံးဝ မရှိခဲ့သည်ပင် ဖြစ်နိုင်သည်။) အများပိုင်ပြုလုပ်ခြင်းနှင့် နစ်နာကြေးပေးဆောင် သည့်လုပ်ငန်းစဉ်များတွင် (ဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်သူများ သို့မဟုတ် မြေယာအသုံးပြုသူများ အပါဝင်) ပျက် ကွက်မှုများ ရှိ၊ မရှိတို့ကို အမျိုးသားဥပဒေနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် တိုက်ဆိုင်စိစစ်ဖော်ထုတ်ရမည်။
- မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကွာဟချက်များရှိခဲ့လျှင် (လက်ရှိပိုင်ဆိုင်မှုနှင့် ယခင်ဘိုးဘွားများလက်ထက် အစဉ်အဆက် ပိုင်ဆိုင်သော မြေယာများ) ပိုင်ရှင်အစစ်အမှန်အား သိရှိရန်၊ မြေယာပိုင်ဆိုင်မှုနှင့် အသုံးပြုမှု၊ အရေးဆိုမှုများနှင့် ပူပန်မှုများကို ဖြေရှင်းရန်အတွက် မြေယာကော်မတီများနှင့် အစိုးရအာဏာပိုင်များထက် ရပ်ရွာအသိုက်အဝန်းနှင့် ဖြစ်နိုင်သမျှ တိုက်ရိုက်ဆက်ဆံဆောင်ရွက်ရမည်။
- ပဋိပက္ခနှင့် လက်ရှိပဋိပက္ခ ဖြစ်ပွားနေသောဒေသများတွင် **ရပ်ရွာအသိုက်အဝန်းတွင် အကြမ်းဖက်မှုကြောင့် ပြောင်းရွှေ့ရသူများ**နှင့် အဆက်အစပ် ရှိ၊ မရှိ ဂရုပြုကြပ်မတ်ဆောင်ရွက်ရမည်။ ကုမ္ပဏီများအနေဖြင့် ဒေသခံများ ပြောင်းရွှေ့နေရချထားခြင်းအား ပိုမိုအားဖြည့်စေသော သို့မဟုတ် ပြောင်းရွှေ့ရခြင်းဖြစ်စေသည့် လုပ်ငန်းများကို

မသိမသာ ပံ့ပိုးမှုပေးခြင်းသော်လည်းကောင်း၊ နေရာပြောင်းရွှေ့ခြင်းမှ အကျိုးအမြတ် ရယူခြင်းတို့ကို သော်လည်းကောင်း ရှောင်ရှားရမည်။

- ကုမ္ပဏီများအနေဖြင့် လုပ်ငန်းမည်သို့ ဆက်လက်ဆောင်ရွက်မည်ကို ဆုံးဖြတ်ခြင်း မပြုမီ ကယ်ဆယ်ရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများကဲ့သို့ ဒေသအတွင်းရှိ ကျွမ်းကျင်သူများထံမှ အကြံပြုချက်များ ရယူရမည်။
- **ဒေသခံများ နေထိုင်ရာ နေရာများ၊ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းအတွက် အသုံးပြုသော နေရာများမှ ပြောင်းရွှေ့ခံရခြင်းကြောင့် ဖြစ်ပေါ်သော ဆုံးရှုံးခြင်းတို့အတွက် လုံ လောက်သော လျော်ကြေးရရှိပြီး** ဖြစ်စေရမည်။ မြေယာပိုင်ဆိုင်သူများနှင့် မြေယာအပေါ် ယင်းတို့၏ အသက်မွေးဝမ်းကျောင်းအတွက် မှီခိုနေရသူများထံမှမြေယာ ရယူထားသည့် ကိစ္စရပ်များတွင် ယင်းတို့အနေဖြင့် အလားတူ သို့မဟုတ် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်းရရှိစေရန် မြေယာအစားပြန်ပေးခြင်းက အကောင်းဆုံးဖြစ်မည်။ ပြောင်းရွှေ့နေရာချထားမှုများ ပေါ်ပေါက်လာပါက ခရီးသွားလုပ်ငန်းများအနေဖြင့် အစိုးရမှ IFC Performance Standard 5 ကို ကျင့်သုံးစေရန် တိုက်တွန်းအားပေးရမည်ဖြစ်သကဲ့သို့ ယင်းတို့ကိုယ်တိုင်လည်း လိုက်နာကျင့်သုံးရမည်။
- US State Department Reporting Requirements နှင့်အညီ မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၅၀၀,၀၀၀ အထက် ရင်းနှီးမြှုပ်နှံမှု အသစ်ပြုလုပ်သည့် အမေရိကန်ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များအနေဖြင့် မြေယာကို မည်သို့ရယူသည်၊ အသုံးပြုသည်၊ မည်သည့် လျော်ကြေးနှုန်းထားဖြင့် ပေးအပ်သည်ဆိုခြင်းတို့နှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရမည်။ အမေရိကန် အခြေစိုက်မဟုတ်သော ကုမ္ပဏီများအတွက်လည်း ယင်းအစီရင်ခံရေးသတ်မှတ်ချက်ကို အလေ့အထကောင်း တစ်ရပ်အနေဖြင့် စံထား အသုံးပြုနိုင်သည်။

***အလုပ်အကိုင်***

- ခရီးသွားလုပ်ငန်းတွင် ဖြစ်ပွားတတ်သည့် **အဓမ္မစေခိုင်းမှု**နှင့် အခြား လုပ်အားခေါင်းပုံဖြတ်မှုများအပေါ် **လုံးဝလက်မခံကြောင်း** အများပြည်သူသိအောင် သိန္နိဋ္ဌာန်ပြုရမည်။
- တစ်ဆင့်ခံ ကန်ထရိုက်များ၏ အလုပ်သမားအရေး ဆောင်ရွက်ချက်ကို စောင့်ကြည့်စစ်ဆေးရမည်။ ယင်းသို့စစ်ဆေးရာတွင် ဆောက်လုပ်ရေး ကန်ထရိုက်တာများ၊ ပို့ဆောင်ရေး ဆောင်ရွက်ပေးသူများ၊ ထိန်းသိမ်းပြုပြင်ရေး ဝန်ထမ်းများကဲ့သို့ ပြဿနာအန္တရာယ်များ ဖြစ်တန်ခြေများသော ကုန်ပစ္စည်းဝန်ဆောင်မှုပေးသော လုပ်ငန်းများ၊ တစ်ဆင့်ခံ လုပ်ငန်းများ၏ လုပ်ငန်းခွင့်အခြေအနေ၊ ကျန်းမာရေးနှင့် ဘေးကင်းရေး၊ ကလေး အလုပ်သမား အသုံးပြုမှုတို့နှင့် စပ်လျဉ်း၍လည်း စောင့်ကြည့်စစ်ဆေးရမည်။
- အလုပ်သမား အဖွဲ့အစည်းဥပဒေ (၂၀၁၁) နှင့်အညီ အလုပ်သမားများ၏ အဖွဲ့အစည်းများ လွတ်လပ်စွာ ထူထောင်ခွင့်နှင့် စုပေါင်း၍ လုပ်ငန်းခွင် အခြေအနေ၊ လုပ်ခတို့ကို ညှိနှိုင်းခွင့်တို့အပေါ် လေးစားရမည်။ ယင်းဥပဒေတွင် အဖွဲ့အစည်းများ လွတ်လပ်စွာ ထူထောင်ခြင်းခွင့်နှင့် အလုပ်ချိန်၊ နားနေချိန်များကို လေးစားလိုက်နာရန် သတ်မှတ်ထားသည်။
- နေ့စားအလုပ်သမားများ၊ ယာယီ/ရာသီအလိုက် လုပ်သားများနှင့် ရွှေ့ပြောင်းလုပ်သားများ၊ မိသားစုစီးပွားရေးလုပ်ငန်းများရှိ အလုပ်သမားများအတွက် အလုပ်အကိုင်စာချုပ်များနှင့် လုပ်ခပေးချေမှုများကို တရားဝင် ပြုလုပ်ဆောင်ရွက်ရမည်။
- **ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေး (H&S) သင်တန်းများ** ပို့ချရမည်၊ အလုပ်ခွင် ဘေးကင်းလုံခြုံရေး ဆောင်ရွက်ပေးရမည်။ ယင်းသို့ဆောင်ရွက်ရာတွင် အလုပ်သမားများအား (အထူးသဖြင့် ဆောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ) တစ်ဦးချင်း အကာအကွယ်ကိရိယာများ (PPE) ပေးအပ်ရမည်။ အထူးသဖြင့် လုပ်ငန်းခွင်အတွက် ဒေသတွင်းမှ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများပေးသော ကန်ထရိုက်လုပ်ငန်းများအတွက်လည်း (H&S) သင်တန်းများနှင့် (PPE) များ စီစဉ်ပေးရမည်။

- ခရီးသွားလုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေသော **လုံခြုံရေးဝန်ထမ်းများ**ကို နိုင်ငံတကာ လူ့အခွင့်အရေး မူများကို ထင်ဟပ်သော **လုံခြုံရေးဆိုင်ရာသင်တန်းများ ပေးရမည်။** ယင်းသို့သင်တန်းပေးရာတွင် လုံခြုံရေး ဝန်ထမ်းများအနေဖြင့် ပဋိပက္ခများကို အင်အားအသုံးမပြုဘဲ ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်စေရန် သင့်လျော်သည့် လူ့အခွင့်အရေး အယူအဆများနှင့်အတူ လက်တွေ့ကြုံတွေ့ရနိုင်သော အခြေအနေများတွင် မည်သို့ဖြေရှင်း ကိုင်တွယ်ရမည်ကို ထည့်သွင်းပို့ချရမည်။
- အမျိုးသားနှင့် အမျိုးသမီး၊ လူမျိုး၊ ဘာသာနှင့်ပတ်သက်၍ ဝန်ထမ်းခန့်အပ်ခြင်း၊ သင်တန်းပေးခြင်း၊ အလုပ်တာဝန် သတ်မှတ်ချက်များ၊ ခံစားခွင့်များ (တူညီသောအလုပ်အတွက် တူညီသော လုပ်ခ)၊ ရာထူးတိုးခြင်း၊ ထောက်ပံ့ငွေ၊ ချေးငွေ၊ ပစ္စည်းနှင့် ဝန်ဆောင်မှုများ ခံစားခွင့်များပေးခြင်းတို့နှင့် စပ်လျဉ်း၍ **ခွဲခြားဆက်ဆံမှု မရှိသော မူဝါဒနှင့် အလေ့အထများ**ကို အကောင်အထည်ဖော်ရမည်။ မန်နေဂျာများအနေဖြင့် ဘာသာ၊ လူမျိုးအလိုက် ဒေသအလိုက် အထိခိုက် မခံနိုင်သည့် ကိစ္စများကို သိရှိထားစေရမည်။ ခွဲခြားဆက်ဆံမှု မရှိခြင်းနှင့် စပ်လျဉ်းပြီး ကုမ္ပဏီမူဝါဒများ ရှင်းလင်းစွာ ထားရှိရမည်ဖြစ်ပြီး ယင်းအချက်များကို ခိုင်မာစွာဆောင်ရွက်ကာ တူညီသော အခွင့်အရေးများ ချမှတ်ကျင့်သုံးပေးရမည်။
- အမျိုးသမီး ဧည့်လမ်းညွှန်များအတွက် အစီအစဉ်များ ပြုလုပ်ပေးခြင်းကဲ့သို့ **ကျား၊ မကွဲပြားခြင်းနှင့် စပ်လျဉ်းသည့် အလုပ်သမား၏ ဘေးကင်းလုံခြုံရေး**ကို ထည့်သွင်းစဉ်းစားရမည်။
- အလုပ်သမားများအနေဖြင့် **ဝန်ထမ်းရေးရာ မကျေနပ်မှုများ**ကို အမည်မဖော်ဘဲ **တိုင်ကြားနိုင်စေမည့်** စနစ်များ ထားရှိရမည်။ ယင်းစနစ်များတွင် **လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု**ကို တိုင်းကြားရန် သီးသန့်စနစ်များ ထည့်သွင်းထားရမည်။

### ၄။ ကလေးများနှင့် မသန်စွမ်းသူများအပါအဝင် ထိရှလွယ်သော အုပ်စုများ၏ အခွင့်အရေးများကို လေးစားရန်။

### လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဓိက အချက်များ

မသန်စွမ်းသူများ ပါဝင်ခွင့်ရေးစေရေးနှင့် စပ်လျဉ်းသည့် မိမိဘာသာ သုံးသပ်မှုကို အွန်လိုင်းမှ အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း သို့မဟုတ် CSR-D guide/questionnaire ကို မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန(MCRB)တွင် မြန်မာ/အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း ရယူ၍ ဆောင်ရွက်နိုင်သည်။

- Children’s Rights and Business Principles ကို အကောင်အထည်ဖော်ရန် သန္နိဋ္ဌာန်တစ်ရပ် ချမှတ်မည်ဟု ထည့်သွင်းစဉ်းစားရမည်။
- ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အသုံးချ၊ အမြတ်ထုတ်ခြင်းမှ အကာအကွယ်ပေးရန်အတွက် သန္နိဋ္ဌာန် ချမှတ်ရမည်။ ထိုသို့ အကာအကွယ်ပေးရေးအတွက် The Code of Conduct တွင် ပါဝင်ဆောင်ရွက်သင့်သည်။ ခရီးသွားများအနေဖြင့် ကလေးသူငယ် အခွင့်အရေးများ ချိုးဖောက်နေသည်ကို တွေ့ရှိပါက (ဥပမာအားဖြင့် ကလေးသူငယ်များအား ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အသုံးချ၊ အမြတ်ထုတ်ခြင်း) စီးပွားရေး လုပ်ငန်းများအနေဖြင့် ယင်းတွေ့ရှိချက်များကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၊ နိုင်ငံရဲတပ်ဖွဲ့ သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သို့မဟုတ် ကလေးသူငယ် အကူအညီပေးရေး ဖုန်းနံပါတ်ကို တိုင်ကြားရမည် (ဥပမာအားဖြင့် ဒေသဆိုင်ရာ အရေးပေါ် နံပါတ်တစ်ခုကို အသုံးပြုလျှက်)။
- **ကလေးလုပ်သား အသုံးပြုမှုကို ကန့်သတ်**သည့် စာပိုဒ်တစ်ခုကို စီးပွားရေးလုပ်ငန်းများနှင့် ၄င်းတို့မှတစ်ဆင့် ကုန်ပစ္စည်း ဝန်ဆောင်မှုပေးသင့်သူများနှင့်ဆိုင်သော ကျင့်ဝတ်ဆိုင်ရာ ဥပဒေများ ထည့်သွင်းရမည်။ ယင်းသို့ ဆိုခြင်းအားဖြင့် လုပ်ငန်းများအနေဖြင့် အသက် (၁၈) နှစ်အောက်ရှိသူများကို အလုပ်မခန့်ရဟု ဆိုလိုခြင်းမဟုတ်ဘဲ နိုင်ငံတကာ အလုပ်သမား စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန် ဆိုလိုခြင်းဖြစ်သည်။

- ကလေးလုပ်သားအဖြစ် ဆောင်ရွက်နေသော ကလေးသူငယ်များကို ယင်းတို့၏ **ပညာဆက်လက်သင်ယူနိုင်ရေး** အကူအညီပေးရန် **အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ရမည်။**

- ခရီးသွားဧည့်သည်များမှ ကလေး ဧည့်လမ်းညွှန်များ အသုံးပြုခြင်း၊ ကလေးသူငယ်များထံမှ အမှတ်တရပစ္စည်းများ ဝယ်ယူခြင်း၊ တောင်းရမ်းသည့် ကလေးသူငယ်များအား ငွေကြေးပေးခြင်းတို့ကို မပြုလုပ်ရန် တိုက်တွန်းအကြံပြုရမည်။ ကလေးသူငယ်များထံမှ အမှတ်တရ ပစ္စည်းများဝယ်ယူခြင်း၊ တောင်းရမ်းသည့် ကလေးသူငယ်များအား ငွေကြေးပေးခြင်းအားဖြင့် ၄င်းတို့၏ ကျောင်းပညာသင်ကြားရေး၊ ကျောင်းပုံမှန်တက်ရောက်မှုတို့ကို ထိခိုက်စေကြောင်း ခရီးသွားများအား ရှင်းပြရမည်။

- **`မိဘမဲ့ဂေဟာများသို့ သွားရောက်သော ခရီးသွားလုပ်ငန်း´**[2] တွင် ပါဝင်ဆောင်ရွက်ခြင်း သို့မဟုတ် ယင်းကို အားပေးအားမြောက်ပြုခြင်း မပြုရ။

- ခရီးသွားလုပ်ငန်း ဆောင်ရွက်သူမှ ခရီးသွားများအနေဖြင့် ကျောင်း၊ မိဘမဲ့ဂေဟာ သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုတွင် အချိန်အသုံးပြုနိုင်မည့် **`စေတနာ့ဝန်ထမ်း ခရီးသွားလုပ်ငန်း (voluntourism)´**[3] ခရီးစဉ်များ/အစီအစဉ်များ ကမ်းလှမ်းလာပါက ကလေးသူငယ်များအပါအဝင် အကျိုးခံစားရမည့်သူများအပေါ် ဆိုးကျိုးသက် ရောက်မှုမဖြစ်စေရန် တင်းကြပ်သော စည်းမျဉ်းများကို ကျင့်သုံးရမည်။ ယင်းစည်းမျဉ်းများသည် <u>International Voluntourism Guidelines for Commercial Tour Operators</u> အပေါ် အခြေခံရမည်ဖြစ်ပြီး လုပ်အားပေးများကို လက်ခံမည့် အဖွဲ့အစည်း၏ နောက်ကြောင်းရာဇဝင်ကို စစ်ဆေးခြင်း၊ လုပ်အားပေးများ၏ နောက်ကြောင်းရာဇဝင်ကို မဖြစ်မနေ စစ်ဆေးခြင်း၊ လုပ်အားပေးများ အနည်းဆုံးနေထိုင်မည့် အချိန်ကာလနှင့် လုပ်အားပေးများမှ အဖွဲ့အစည်းအတွက် လုပ်ဆောင်ပေးနိုင်မည့် အရည်အချင်းတို့ ပါဝင်သည်။

**၅။ ခရီးသွားလုပ်ငန်းရှိ ဒေသတွင်းရှိ လူ့အဖွဲ့အစည်းများအား ခရီးသွားလုပ်ငန်း၌ ပါဝင်ဆောင်ရွက်နိုင်စေရန်နှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို လေးစားမှုရှိရန်။**

**လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရန် အတွက် အဓိက အချက်များ:**

- **အစိုးရ၏ <u>မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေးမူဝါဒ (CIT)</u> ကို အပြည့်အဝ အကောင်အထည်ဖော်ရေးကို** အားပေးရန်၊ တက်ကြွစွာ ကူညီရန်။

- ခရီးသွားစီမံကိန်းများနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အစီအစဉ်ချမှတ်ခြင်း၊ ဆောင်ရွက်ခြင်းတို့တွင် **ဒေသခံ ရပ်ရွာအသိုက်အဝန်းများ ပါဝင်ပါစေ** (အထူးသဖြင့် တိုင်းရင်းသား လူနည်းစုဒေသများနှင့် ထိရှလွယ်သော အုပ်စုများ၊ ချန်လှပ်ခံထားရသော အုပ်စုများအပါအဝင်)။

- **ဒေသခံ ရပ်ရွာများ၏ သဘောတူညီမှုနှင့် ထောက်ခံမှုတို့ဖြင့်** ခရီးသွားလုပ်ငန်းများအား ပုံစံရေးဆွဲရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ယဉ်ကျေးမှုဘဝနှင့် **ကိုယ်ပိုင်လွတ်လပ်ခွင့် အခွင့်အရေးများ**ကို ထင်ဟပ်သည့် ပုံစံဖြင့် ဆောင်ရွက်ရမည်။ ခရီးသွားများအတွက် ယဉ်ကျေးမှုအရ သင့်လျော်သော အပြုအမူများနှင့် စပ်လျဉ်း၍ ခရီးသွားများအား အကြံပြုချက်များ ပေးရမည်။

- *ခရီးသွားများ ရှောင်ရန်၊ ဆောင်ရန်များ (Do's and Don'ts for Tourist) လက်ကမ်းစာအုပ်ငယ်များကို* ဝန်ထမ်းများနှင့် ခရီးသွားဧည့်သည်များအကြား **ဖြန့်ဝေခြင်း**ဖြင့် ယဉ်ကျေးမှုအရ သင့်လျော်သော အပြုအမူများကို သိရှိလာစေရေး၊ ယဉ်ကျေးမှု အလေ့အထများကို လေးစားလာစေရေး ဆောင်ရွက်ရမည်။

- **ဝန်ထမ်းခန့်ထားရာတွင် ဒေသခံ ဝန်ထမ်းလောင်းများကို ဦးစားပေးရမည်၊** ရပ်ရွာအတွင်း သက်မွေးပညာသင်တန်းများကို ပံ့ပိုးပေးရန် တစ်ဦးချင်းသော်လည်းကောင်း၊ အာလုံးပူးပေါင်း၍ သော်လည်းကောင်း ဆောင်ရွက်ရမည်။

---

၁။ မိဘမဲ့ဂေဟာ ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်း၍ အပိုင်း ၄(၅)ကို ကြည့်ပါ။ *'Groups at Risk' – Children*
၂။ ယင်း

- လယ်သမားများနှင့် အသေးစား အလတ်စား စီးပွားရေး လုပ်ငန်းများမှ **ရင်းမြစ်များကို အများဆုံး ရယူသုံးစွဲရမည်။** `ဒေသထွက်´ထွက်ကုန်များ အသုံးပြုသော ဟင်းလျာများကို စားသောက်ဆိုင် ဟိုတယ်များ၏ ဟင်းလျာစာရင်းများတွင် ဖော်ပြမြှင့်တင်ပေးရမည်။ ကူညီရာတွင် ချေးငွေပေးခြင်း၊ နည်းပညာပေးခြင်းနှင့် ထုတ်ကုန်အရည်အသွေး၊ စိတ်ချရမှုနှင့် အရေအတွက် တိုးတက်စေရေးအတွက် နည်းပေးလမ်းပြခြင်းတို့ ပါဝင်သည်။
- လူမှုဘဝများအတွက် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများသည် **ရပ်ရွာလိုအပ်ချက်ကို အခြေပြု**ရမည်။ ရပ်ရွာနှင့် တိုင်ပင်ပြီး ပါဝင်ဆောင်ရွက်ခွင့်ပေးရမည်။
- **ယဉ်ကျေးမှု အမွေအနှစ်များ**နှင့် စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းများကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ မထိခိုက်စေရေးနှင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးအတွက် ရည်မှန်းထားသည့် IFC Performance Standard 8 ၏ လမ်းညွှန်မှုအတိုင်း ဆောင်ရွက်ရမည်။ ထိတွေ့ကိုင်တွယ်၍ ရသော၊ မရသော အမွေအနှစ်များအပါအဝင် ယဉ်ကျေးမှု အမွေအနှစ်များကို သုံးစွဲရာတွင် အကျိုးအမြတ်ကို ဒေသခံများနှင့် အညီအမျှ မျှဝေရေးကို တိုးတက်အောင် ဆောင်ရွက်ရမည်။

### ၆။ တိုင်ကြားမှုများနှင့် မကျေနပ်မှုများကို လျင်မြန်ထိရောက်စွာ ဖြေရှင်းနိုင်မည့် စနစ်များကို ထားရှိရန်နှင့် ပံ့ပိုးပေးရန်။

ကုမ္ပဏီတစ်ခုအနေဖြင့် ၎င်းတို့ကြောင့်ဖြစ်ပေါ်သော သက်ရောက်မှုများမှကာကွယ်ရန်နှင့် ဖြေရှင်းရန် အထိရောက်ဆုံးနည်းတစ်ခုမှာ လုပ်ငန်းကြောင့် ဆိုးကျိုးကြုံရနိုင်သော တစ်ဦးချင်း သို့မဟုတ် ရပ်ရွာအနေဖြင့် တိုက်ရိုက် လက်လှမ်းမီသည့် လုပ်ငန်းခွင်အဆင့် ထိခိုက်နစ်နာမှုများ၊ စိုးရိမ်ပူပန်မှုများကို ဖော်ထုတ်ပြောဆို ဖြေရှင်းပေးနိုင်သောစနစ်များဖြင့် ဆောင်ရွက်ရန်ဖြစ်သည်။ ယင်းကို ကုမ္ပဏီတစ်ခုချင်း သို့မဟုတ် အများ ပူးပေါင်းစီမံနိုင်သည်။ ယင်းကဲ့သို့စနစ်သည် ကိစ္စရပ်များကို စောစီးစွာ သတိပေးနိုင်ပြီး စောစီးစွာနှင့် ထိရောက်စွာ ဖြေရှင်းနိုင်စေသည်။ အကယ်၍ လျစ်လျူရှုခဲ့ သို့မဟုတ် မသိရှိခဲ့ပါက ပိုမိုကြီးမားသော မကျေနပ်မှုများ ဖြစ်ပွားစေမည်ဖြစ်သည်။ ဤSWIA အနေဖြင့် မကျေနပ်မှုများကို တရားရုံးဖြင့်ဖြစ်စေ၊ တရားရုံးပြင်ပနည်းလမ်းဖြင့်ဖြစ်စေ ထိရောက်စွာ ဖြေရှင်းနိုင်မည့် မြန်မာနိုင်ငံရှိ နေရာအနည်းငယ်၌သာ တွေ့ရှိရသည်။ သို့ဖြစ်ရာ ကုမ္ပဏီကို အခြေပြုသည့် အခြားသောဖြေရှင်းနည်းလမ်းများက ပိုမို အရေးကြီးပေသည်။

### လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဓိက အချက်များ

- ကုမ္ပဏီအတွင်းနှင့် ပြင်ပမှရောက်ရှိလာသော ထိခိုက်နစ်နာမှုများ၊ စိုးရိမ်ပူပန်မှုများကို ဖော်ထုတ်ပြောဆို ဖြေရှင်းပေးနိုင်သောစနစ်များကို ရပ်ရွာ၊ အလုပ်သမားများနှင့် လက်တွဲ၍ ရေးဆွဲ ပြင်ဆင်ရမည်။ ယင်းစနစ်များအနေဖြင့် UN Guiding Principles[4] ပါ လုပ်ငန်းအဆင့် မကျေနပ်မှု ဖြေရှင်းရေးစနစ်တစ်ရပ်၏ စံနှုန်းများနှင့်အညီ စိုးရိမ်ပူပန်မှုများ၊ နစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းပေးနိုင်ရမည်။
- မြန်မာနိုင်ငံ၏အခြေအနေနှင့်အညီ **ထိခိုက်နစ်နာမှုများ၊ စိုးရိမ်ပူပန်မှုများကို ဖော်ထုတ်ပြောဆို ဖြေရှင်းပေးနိုင်သော စနစ် ရေးဆွဲပြီးနောက်** ထိုက်သင့်သည့် ပုံစံဖြင့် **ကြေညာအသိပေးရမည်။** သို့မှသာ သက်ရောက်မှု ခံရဖွယ်ရှိသည့် အခွင့်အရေး ခံစားရသူများအနေဖြင့် ၎င်းတို့၏ တည်ရှိမှုနှင့် လုပ်ငန်းလည်ပတ်မှုကို သိရှိမည်ဖြစ်သည်။ အသုံးပြုဖွယ်ရှိသူများနှင့် နီးနီးနောဖလှယ်၍ မည်သည့်နည်း လမ်းက အလုပ်ဖြစ်မည်ကို လေ့လာဆန်းစစ်ရမည်။ လျှပ်စစ်မီး၊ မိုဘိုင်းဖုန်း ပျံ့နှံ့မှု၊ အရေးပေါ် ဖုန်းလိုင်းနှင့် အီးမေးလ်များ မရှိသည့် ဝေးလံခေါင်းပါး ဒေသများအတွက် ယင်းနည်းလမ်းများက လုံလောက်မှု ရှိ၊ မရှိကို လေ့လာဆန်းစစ်ရမည်။

၃။ The UN Guiding Principles for Business and Human Rights, မူဝါဒ ၃၁ တွင် ထိရောက်သော လုပ်ငန်းအဆင့် မကျေနပ်မှု ဖြေရှင်းရေးစံနှုန်းများကို ဖော်ပြထားသည်။ ယင်းတို့သည် တရားဝင်လက်ခံမှု၊ လက်လှမ်းမီ၊ အသုံးပြုနိုင်မှု ကြိုတင်ခန့်မှန်းနိုင်မှု၊ တရားမျှတမှု၊ သာတူညီမျှမှု၊ ပွင့်လင်းမြင်သာမှု၊ အခွင့်အရေးများနှင့် ကိုက်ညီမှုရှိခြင်း၊ စဉ်ဆက်မပြတ် လေ့လာသင်ယူမှုအတွက် အရင်းအမြစ်တစ်ခု၊ ချိတ်ဆက်ဆောင်ရွက်မှုနှင့် အပြန်အလှန် တွေ့ဆုံဆွေးနွေးမှုအပေါ် အခြေပြုသင့်ပါသည်။

## ၇။ ပတ်ဝန်းကျင်၊ လူမှုဘဝနှင့် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာ၊ ကိစ္စရပ်များကို စုပေါင်းဖြေရှင်းရန်။

ခရီးသွားလုပ်ငန်းများအနေဖြင့် ယင်းတို့၏ လုပ်ငန်းတစ်ခုချင်းနှင့် စပ်လျဥ်း၍ လူ့အခွင့်အရေးကိစ္စများအပေါ် အလေးဂရုပြုကြပ်မတ်ဆောင်ရွက်သကဲ့သို့ အချို့ကိစ္စများကို စုပေါင်းဖြေရှင်းပါက ပိုမိုကောင်းမွန်သည်။ အထူးသဖြင့် စုပေါင်းသက်ရောက်မှုများအား ဖြေရှင်းရာတွင် စုပေါင်းလုပ်ဆောင်သင့်သည်။ ထို့အပြင် ပြဿနာ၊ ကိစ္စရပ်များကို ဒေသအဆင့်နှင့်/သို့မဟုတ် နိုင်ငံတော်အဆင့် စုပေါင်းဖြေ ရှင်းခြင်း၊ အခြားနိုင်းယှဥ်စရာ နိုင်ငံများတွင် နိုင်ငံတကာ စံချိန်စံညွှန်းများ ကျင့်သုံးရာမှ ရရှိသည့် အတွေ့အကြုံများကို မျှဝေခြင်းတို့သည် အခွင့်အရေး တန်းတူလုပ်ကိုင်နိုင်ခြင်းနှင့် `ငခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်´ရသည့် အဖြစ်မျိုးကို လျော့ကျစေမည့်အပြင် အစိုးရအတွက် လုပ်အားစိုက်ရခြင်း လျော့နည်းစေပြီး ကုမ္ပဏီတစ်ခုချင်းစီအတွက်လည်း ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်လိမ့်မည်။

**လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဓိကအချက်များ**

- ခရီးသွားနယ်မြေတစ်ခုချင်းစီအတွက် ခရီးသွားလုပ်ငန်း၏ သက်ရောက်မှုများအား အစိုးရ၏ သက်ရောက်မှုများအား လေ့လာဆန်းစစ်သည့် ရေရှည်စီမံကိန်း (SIA) ဆောင်ရွက်ရန် တိုက်တွန်းအားပေးရမည်။ မအောင်မြင်ပါက အခြား အဓိက ခရီးသွားလုပ်ငန်းများနှင့် လက်တွဲလျှက် စုပေါင်းသက်ရောက်မှုကို တိုင်းတာရန်နှင့် `နီးနော ဖလှယ်မှု များလွန်းခြင်းအတွက် အချိန်နှင့် စိတ်ပါဝင်စားမှုမရှိခြင်း´ကို လျော့နည်းစေရန် ပူးတွဲသက်ရောက်မှု လေ့လာဆန်းစစ်ခြင်းတစ်ရပ်ကိုစေခိုင်းဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်သက်ရောက်မှု**လေ့လာဆန်းစစ်ချက်များ၊ စီမံခန့်ခွဲမှု အစီအစဥ်များနှင့် အကောင်းဆုံး လုပ်နည်းလုပ်ဟန်များကို မျှဝေရမည်။**
- တန်းတူယှဥ်ပြိုင်နိုင်ခွင့်၊ ပိုမိုမြင့်မားသော စံနှုန်းသတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကဏ္ဍအတွင်းရှိ အခြားသော လုပ်ငန်းများအားလည်း တည်ဆဲဥပဒေများနှင့် စပ်လျဥ်း၍ အသိပညာမြှင့်တင်ရမည်။ ဥပမာ <u>မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းသည်</u> ယင်းတို့၏ ကဏ္ဍအတွက် လမ်းညွှန်ငယ်တစ်ရပ် ပြုစုထားရာ ယင်းလမ်းညွှန်အား ခရီးသွားလုပ်ငန်းနှင့် ကိုက်ညီအောင် ပြင်ဆင်အသုံးပြုနိုင်သည်။
- ရေဆိုး၊ အညစ်အကြေး စီမံခန့်ခွဲမှုနှင့် စီမံခန့်ခွဲမှု အစီအစဥ်များကို လက်ခံအကောင်အထည်ဖော်ရေးကဲ့သို့ ကိစ္စများတွင် **ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် လက်တွဲ၍** စည်းရုံးဆောင်ရွက်ရမည်။
- ခရီးသွားဒေသများတွင် အမှိုက်ပုံးများထားရှိပေးခြင်း၊ ပြန်လည်သိမ်းဆည်းပေးခြင်း၊ အမှိုက်ကောက်ခြင်း သို့မဟုတ် ဒေသခံများနှင့် ပူးတွဲရေးဆွဲထားသည့် ရပ်ရွာရင်းနှီးမြှုပ်နှံမှုအတွက် ပူးပေါင်းရန်ပုံငွေတစ်ရပ် ထူထောင်ခြင်းစသည်တို့ကဲ့သို့ **စုပေါင်းသက်ရောက်မှုများကို ဖြေရှင်းရန် ဆန္ဒအလျောက် လုပ်ဆောင်နိုင်စေမည့် လုပ်ငန်းများ**ကို အခြား ဒေသခံစီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းလုပ်ဆောင်ရမည်။
- ခရီးသွားလုပ်ငန်းနှင့် **သက်ဆိုင်သူများပါဝင်သော လုပ်ငန်းများကို စတင်ဆောင်ရွက်ရမည် သို့မဟုတ် ၎င်းတို့တွင် ပါဝင်ဆောင်ရွက်ရမည်။** ယင်းလုပ်ငန်းများသည် ခရီးသွားလုပ်ငန်း၏ ဆိုးကျိုးသက်ရောက်မှုများကို ဖြေရှင်းပေးပြီး၊ ယင်းလုပ်ငန်းများတွင် အရပ်ဘက်အဖွဲ့ အစည်းများ၊ အစိုးရအာဏာပိုင်များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ခရီးသွာလုပ်ငန်းများ ပါဝင်ရမည် (အောက်ပါ အကြံပြုချက် ၈ ကို ရှုပါ)။

## ၈။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ၎င်း၏အဖွဲ့ဝင်အဖွဲ့အစည်းများအတွင်း အုပ်ချုပ်ပုံစနစ် ပိုမိုခိုင်မာလာစေရန်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) သည် အစိုးရမှ အဖွဲ့ဝင်များရွေးချယ်ပေးသော အဖွဲ့အစည်းတစ်ရပ်အဖြစ်မှ ပြောင်းလဲရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေသည်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အဖွဲ့ဝင်အားလုံးမဟုတ်သော်လည်း အချို့သည် ယင်းတို့၏ အုပ်ချုပ်မှုပုံစံတွင် ဥက္ကဋ္ဌ (ယင်းသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အမှုဆောင်အဖွဲ့ဝင် ဖြစ် လာမည်)ကို ရွေးကောက်တင်မြှောက်သည့်ပုံစံသို့ ပြောင်းလဲနေပြီဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌမှာ လက်ရှိအချိန်တွင် အစိုးရမှ ရွေးချယ်သူဖြစ်နေဆဲ ဖြစ်သည်။

**လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဓိက အချက်များ**

- မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ အပါအဝင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အဖွဲ့ဝင် အဖွဲ့အစည်းများအကြား ရွေးကောက်တင်မြှောက်သော ခေါင်းဆောင်မှုပုံစံကို အပြည့်အဝ စတင်ကျင့်သုံးရမည်။ သို့မှသာ ခရီးသွားလုပ်ငန်းကဏ္ဍရှိ စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့ တစ်ခု အနေဖြင့် တာဝန်ခံမှု အားကောင်းစေပြီး ခရီးသွားလုပ်ငန်းကဏ္ဍရှိ လုပ်ဆောင်သူအားလုံး၏ အကျိုးစီးပွားကို ကိုယ်စားပြုနိုင်စေမည်ဖြစ်သည်။
- **မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကို အစိုးရမှ သီးခြားလွတ်လပ်စွာ ဆောင်ရွက်သည့် ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းတစ်ရပ်** ဖြစ်စေရမည်။

# လုပ်ငန်းပိုင်း ရင်းနှီးမြှုပ်နှံသူများအတွက် အကြံပြုချက်များ

**၁။ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့် ကုမ္ပဏီများ၏ နောက်ခံအကြောင်းအချက်အလက်များ အလေးဂရုပြု တိုးမြှင့်ဆောင်ရွက်ရန်။**

ယင်းအချက်တွင် **မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးနှင့်ဆိုင်သော အခက်အခဲ၊ စိန်ခေါ်မှုများအပေါ် ကုမ္ပဏီများ၏ မူဝါဒများ၊ စနစ်များ၊ အစီရင်ခံခြင်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို အလေးဂရုပြု စမ်းစစ်ခြင်း၊ တိုးမြှင့်ဆောင်ရွက်ခြင်း** ပါဝင်သည်။

**၂။ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံမှုအား လက်ခံသောကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံရှိ ၎င်းတို့၏ လုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်သိသော စီးပွားရေးကျင့်ဝတ်ဆိုင်ရာ နိုင်ငံတကာ စံနှုန်းများကို ပြည့်မီကျော်လွန်ကြစေရန် ယင်းကုမ္ပဏီများနှင့် ထိတွေ့ဆက်ဆံ ဆောင်ရွက်ရန်။**

ယင်းအချက်တွင် **ကုမ္ပဏီများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံဆောင်ရွက်ခြင်း သို့မဟုတ် အစုရှယ်ယာရှင်ဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းတို့** ပါဝင်သည်။

**၃။ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီများအား နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် အန္တရာယ်ကျရောက်နိုင်ခြေများနှင့် သက်ရောက်မှုများကို ယင်းတို့အနေဖြင့် မည်သို့ ကိုင်တွယ်စီမံလျက်ရှိသည်ဆိုခြင်းကို ခိုင်ခိုင်မာမာ အစီရင်ခံစာများရေးရန် တွန်းအားပေးရန်။**

ယင်းသို့ ထုတ်ဖော်တင်ပြခြင်းပြုရာတွင် **အမေရိကန်ပြည်ထောင်စုအစိုးရ၏ Reporting Requirements on Responsible Investment in Burma (မြန်မာနိုင်ငံတွင် တာဝန်ရှိစွာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အစီရင်ခံရေး သတ်မှတ်ချက်များ)**ကို မူဘောင်အဖြစ် အသုံးပြုနိုင်သည်။

# ခရီးသွားများအတွက် အကြံပြုချက်များ

**၁။ မြန်မာ့ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ၊ ပတ်ဝန်းကျင်၊ အမျိုးသမီးများနှင့် ကလေးများ၏ အခွင့်အရေးများကို လေးစားရန်။**

ခရီးသွားများအနေဖြင့် ယင်းတို့ အလည်အပတ် သွားရောက်သည့် နိုင်ငံများ၊ ရပ်ရွာဒေသများအပေါ် ကောင်းကျိုးသက်ရောက်မှုများ ဖန်တီးနိုင်သကဲ့သို့ ယဉ်ကျေးမှုအရ မည်သည်က ဆီလျော်သည်၊ မည်သည်က ဆီလျော်ခြင်း မရှိဆိုသည်ကို မသိရှိပါက နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ရပ်ရွာအသိုက်အဝန်းတစ်ခုအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ Hanns Seidel Foundation နှင့် Tourism Transparency တို့မှ ပြုစုသော Do’s and Don’ts for Tourists (ခရီးသွားများအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ) စာအုပ်ငယ်ကို အသုံးပြု၍ အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်အထိ မြန်မာနိုင်ငံအတွင်း ယင်းစာအုပ်ငယ်ပေါင်း ၄၀,၀၀၀ ဖြန့်ဝေပြီး ဖြစ်သည်။

**လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဓိကအချက်များ**

- *Do’s and Don’ts for Tourists* (ခရီးသွားများအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ) ကို လိုက်နာရမည်။
- သင့်လျော်စွာ ဝတ်စားဆင်ယင်ရမည်၊ ဘာသာရေး အလေ့အထများနှင့် ဓလေ့ထုံးစံများကို လေးစားရမည်။
- ဒေသခံရပ်ရွာများ၏ (အထူးသဖြင့် ကလေးများ၏) ကိုယ်ပိုင်လွတ်လပ်ခွင့်ကို လေးစားရမည်။
- ရေကို ချွေတာရမည်။
- အမှိုက်ပစ်ခြင်း စည်းကမ်းမဲ့ ပြစ်ခြင်း မပြုရ။
- ကလေးသူငယ်လိင်မှုဆက်ဆံရေး ခရီးသွားလုပ်ငန်းနှင့် တရားမဝင် လောင်းကစားလုပ်ငန်းတို့ကဲ့သို့ တရားမဝင် လုပ်ငန်းများတွင် ပါဝင်ပတ်သက်ခြင်း သို့မဟုတ် ပံ့ပိုးကူညီခြင်း မပြုရ။
- ကန့်သတ်တားမြစ်ထားသော အဖိုးတန်အနုပညာ လက်မှုပစ္စည်းများ သို့မဟုတ် အပင်/တိရစ္ဆာန်များနှင့် ကာကွယ်စောင့်ရှောက်ထားသော နယ်မြေများမှ ကာကွယ်စောင့်ရှောက်ထားသော မျိုးစိတ်များကို သယ်ဆောင်ခြင်းမပြုရ။

**၂။ မြန်မာနိုင်ငံတွင် တာဝန်သိ ခရီးသွားလုပ်ငန်းဖြစ်ထွန်းပေါ်ပေါက်စေရေး ပံ့ပိုးကူညီရန်**

**လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဓိက အချက်များ**

- လိုင်စင်ရ ခရီးသွားလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များ၊ အရောင်းဆိုင်များမှ ပစ္စည်းများ၊ ဝန်ဆောင်မှုများကိုသာ ဝယ်ယူသုံးစွဲရန်။
- မိဘမဲ့ဂေဟာများသို့ သွားရောက်ခြင်း မပြုရ (အကြံပြုချက် ၅ (၂) ဂဂ)ကို ကြည့်ပါ)။
- တောင်းရမ်းသည့် ကလေးသူငယ်များကို ငွေကြေးပေးကမ်းခြင်း မပြုရ သို့မဟုတ် ကလေး ဧည့်လမ်းညွှန်များ သို့မဟုတ် အရွယ်မရောက်သေးသော လက်ဆောင်ပစ္စည်း ရောင်းချသူများထံမှ ဝယ်ယူခြင်းကို ရှောင်ကြဉ်ရမည်။
- စေတနာဝန်ထမ်း ခရီးသွားလုပ်ငန်း (‘voluntourism’) ဆောင်ရွက်မည်ဆိုပါက အကျိုးခံစားရသူများအတွက်ရော သင့်အတွက်ပါ အနှစ်သာရပြည့်ဝသော အတွေ့အကြုံတစ်ရပ် ဖြစ်စေရန် အစဉ်အလာရှိသော အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ပါ။
- သဘာဝပတ်ဝန်းကျင်အခြေပြု ခရီးသွားလုပ်ငန်းနေရာများ၊ လူမှုအဖွဲ့အစည်းအခြေပြု ခရီးသွားလုပ်ငန်းများနှင့် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများကို အားပေးပါ။
- တာဝန်အရ ဆောင်ရွက်ပေးရမည့် ဝန်ဆောင်မှုများအတွက် အခကြေးငွေတောင်းယူခြင်းများ သို့မဟုတ် ကလေးအလုပ်သမား အသုံးပြုခြင်းများကဲ့သို့ အန္တရာယ်ဖြစ်စေနိုင်သည့် အလေ့အထများ တွေ့ရှိပါက အာဏာပိုင်များ၊ ခရီးသွားလုပ်ငန်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ် အွန်လိုင်းမှ (ဥပမာ မြန်မာ ခရီးသွားလုပ်ငန်း စောင့်ကြည့်ရေး၊ Myanmar Tourism Watch)တို့သို့ တိုင်ကြားရမည်။

# (မီဒီယာနှင့် အလုပ်သမားသမဂ္ဂများအပါအဝင်) အရပ်ဘက်အဖွဲ့အစည်းများသို့ အကြံပြုချက်များ

**၁။ အရပ်ဘက်အဖွဲ့အစည်းများ၊ အလုပ်သမားများ၊ ရပ်ရွာ အသိုက်အဝန်းများနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း လုပ်ငန်းများ လုပ်ဆောင်ခြင်း**

**လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဓိက အချက်များ**

- ဒေသခံများအနေဖြင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်နှင့် စီမံကိန်း စောင့်ကြည့်စစ်ဆေးရေးတွင် ပါဝင်ဆောင်ရွက်နိုင်စေရန် ဆောင်ရွက်ပေးခြင်းအားဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကြောင့် သက်ရောက်မှု ခံရဖွယ်ရှိသည့် **ဒေသခံများအား ပံ့ပိုးမှုပေးရမည်။**
- **ဟိုတယ်ဖုန်များ တည်ထောင်မည့် နေရာများတွင် လယ်သမားများအား** ယင်းတို့ မြေယာကို မှတ်ပုံတင်နိုင်စေရန်၊ ယင်းတို့၏ မြေယာ အခွင့်အရေးများကို ကာကွယ်နိုင်စေရန်၊ သင့်လျော်သော လျော်ကြေးရရှိစေရန် အလို့ငှာ လက်ရှိ မြေယာဥပဒေများအကြောင်း အသိပညာပေးရမည်။
- ခရီးသွားလုပ်ငန်းကဏ္ဍရှိ **အလုပ်သမားများအား အလုပ်သမားအခွင့်အရေးများ၊ နိုင်ငံအဆင့်ဥပဒေများနှင့် စပ်လျဥ်း၍ အသိပညာပေးရမည်။**
- ဒေသခံရပ်ရွာများအား **သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေး၊** အမှိုက်စွန့်ပစ်ခြင်းနှင့် အခြား ဆက်စပ်ကိစ္စများကို အသိပညာပေးရမည်။

**၂။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး စီမံကိန်းများနှင့် အသိပေး ထုတ်ဖော်ပြသခြင်း လုပ်ငန်းစဉ်များနှင့် စပ်လျဥ်းသည့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများအား လေ့လာဆန်းစစ်ချက် (EIA)ဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန်။**

**၃။ အနိမ့်ဆုံး အသက်အရွယ်ဆိုင်ရာ သဘောတူညီချက် (အမှတ် - ၁၃၈)နှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် အခြား ILO ကွန်ဗင်းရှင်းများကဲ့သို့ ILO ၏ အဓိက အလုပ်သမား ကွန်ဗင်းရှင်းများတွင် ပါဝင်လက်မှတ်ထိုးရေး တိုက်တွန်းနှိုးဆော်ရန်။**

**၄။ မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းများအနေဖြင့် သင့်လျော်သော ခရီးသွားလုပ်ငန်း စံချိန်စံညွှန်းများအား လက်ခံကျင့်သုံးလာစေရေးအတွက် တိုက်ရိုက် သို့မဟုတ် မီဒီယာမှတစ်ဆင့် တိုက်တွန်းနှိုးဆော်ရန်။**

ယင်းစံချိန်စံညွှန်းများတွင် Global Sustainable Tourism Criteria၊ Travelife Sustainability System၊ the UN-WTO Global Code of Ethics for Tourism နှင့် The Code တို့ ပါဝင်သည်။

**၅။ (မီဒီယာအတွက်) ခရီးသွားလုပ်ငန်း၏ ဆိုးကျိုးသက်ရောက်မှုများကို အစီရင်ခံတင်ပြရန်နှင့် ယင်းသက်ရောက်မှုများကို လျှော့ချနိုင်စေရေးအတွက် အမျိုးသားဥပဒေနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်စေမည့် နည်းလမ်းများကို မီးမောင်းထိုး တင်ပြရန်။**

# ဖွံ့ဖြိုးမှု မိတ်ဖက်များနှင့် ၎င်းတို့၏ မိခင်အစိုးရများအတွက် အကြံပြုချက်များ

ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖွဲ့အစည်းများ မကြာခဏ လစ်လျူရှုမိကြသော ကဏ္ဍတစ်ရပ် ဖြစ်သည်။ သို့ရာတွင် ယင်းကဏ္ဍသည် ဆင်းရဲမွဲတေမှု လျှော့ချရေးအတွက် အလားအလာကောင်းတစ်ရပ် ဖြစ်သကဲ့သို့ အမျိုး သမီး အရေးအတွက် အများအပြားကို အလုပ်ကိုင်ပေးထားကာ အရင်းအနှီးမြှုပ်နှံမှု အနည်းငယ်သာ လိုအပ်သည့် လုပ်ငန်းဖြစ်သည်။ စီးပွားရေး ဖွံ့ဖြိုးမှု၏ ရင်းမြစ်တစ်ရပ်အဖြစ် ယင်း၏ တည်တံ့ခိုင်မြဲမှုသည် ရေရှည်တည်တံ့သည့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အလေ့အထများ၊ အများပါဝင်ခွင့်ရှိသော ဆုံးဖြတ်ချက်ချမှတ်မှုနှင့် ဒေသဆိုင်ရာ အုပ်ချုပ်မှုကို ခိုင်မာအားကောင်းအောင် ပြုလုပ်ထားခြင်းတို့အပေါ်တွင် မူတည်သည်။ သို့အတွက် မြန်မာနိုင်ငံရှိ ကိစ္စရပ်များကို ဖြေရှင်းသည့် ကျယ်ပြန့်သော အစီအစဉ်များတွင် ယင်းကို ထည့်သွင်းသင့်သည်။

**၁။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံကိန်း၏ အစီအစဉ် (၃)၊ မြန်မာနိုင်ငံ တာဝန်သိသော ခရီးသွားလုပ်ငန်း မူဝါဒနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေး မူဝါဒတို့ အကောင်အထည်ဖော်နိုင်ရန် အလို့ငှာ အစိုးရအား အကူအညီပေးရန်။**

**လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဓိက အချက်များ**

- သက်ဆိုင်ရာ ဥပဒေများနှင့် မူဝါဒများ ပြုပြင်ပြောင်းလဲရေးနှင့် ဆက်စပ်လျက် **အခြားနည်းပညာ အကူအညီပေးရေး အစီအစဉ်**များတွင် **ခရီးသွားကဏ္ဍကို ထည့်သွင်းစဉ်းစားမှု** ရှိစေရန်။
- ဒေသဆိုင်ရာ အစိုးရ အရာရှိများကို သင်တန်းပို့ချသည့် အစီအစဉ်များဖြင့် ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်းသည့် လက်ရှိနှင့် အနာဂတ် သက်ရောက်မှုများအတွက် **ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၏ စွမ်းဆောင်ရည် မြှင့်တင်မှု**ကို ပံ့ပိုးကူညီရန်၊ ယင်းသို့ကူညီရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ၊ မြေယာရယူ အသုံးပြုမှုနှင့် ကောင်းမွန်သော ပြန်လည်နေရာချထားရေး အလေ့အထများအား စီမံခန့်ခွဲမှုအပေါ် သီးသန့် အဓိကထား ဆောင်ရွက်ရန် ဖြစ်သည်။
- မြန်မာနိုင်ငံ၏ အဓိက ခရီးသွားဒေသများအတွက် **ဇုန်အလိုက် အစီအစဉ်ချမှတ်ရေး မူဘောင်၊ ခရီးသွားများ လည်ပတ်ရာနေရာများနှင့် ဆိုင်သည့်စီမံခန့်ခွဲမှု (Destination Management)** အစီအစဉ်များ ရေးဆွဲရေး၊ ခရီးသွားများ လည်ပတ်ရာနေရာများနှင့်ဆိုင်သည့် **စီမံခန့်ခွဲမှု အဖွဲ့အစည်း (DMO)**များ ဖွဲ့စည်းထူထောင်ရေး တို့အတွက် ပံ့ပိုးကူညီရန်၊ ယင်းသို့ ပံ့ပိုးကူညီရာတွင် လူမှုဘဝနှင့် /သို့မဟုတ် သဘာဝပတ်ဝန်းကျင် ရှုထောင့်မှ အန္တရာယ် ကျရောက်နိုင်ခြေများသည့် ဒေသများအတွက် သီးသန့် အဓိကထားလုပ်ဆောင်ရန် ဖြစ်ပါသည်။
- တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနဌာနတစ်ရပ် ထူထောင်ရာတွင် အားပေးကူညီရန်၊ ယင်း သုတေသနဌာနသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံကိန်းနှင့် မြန်မာနိုင်ငံ တာဝန်သိသော ခရီးသွား လုပ်ငန်းမူဝါဒတို့အကောင်အထည်ဖော်ရာတွင် သုတေသနပြု စောင့်ကြည့်၊ ဆက်လက်လေ့လာနိုင်မည်ဖြစ်သည်။

**၂။ သဘာဝပတ်ဝန်းကျင်၊ လူမှုဘဝနှင့် လူ့အခွင့်အရေး မူဝါဒ၊ ဥပဒေမူဘောင်များ ခိုင်မာအားကောင်းလာစေရေး အကူ အညီပေးရန်။**

**လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဓိကအချက်များ**

- **ESIAများအတွက်ထိရောက်သောမူဘောင်တစ်ရပ်စတင်ထားရှိနိုင်ရေးအတွက်အစိုးရအားအကူအညီပေးရန်**နှင့် MOECAF အား နည်းပညာအကူအညီနှင့် စဉ်ဆက်မပြတ် နည်းပေးလမ်းပြမှုများ ပေးရန်၊ MOECAF သည် ဟိုတယ်များနှင့် လေဆိပ်များကဲ့သို့ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်နေသည့် စီမံကိန်းများအတွက် EIA များကို ထိန်းသိမ်းကြပ်မတ်လျှက်ရှိသည့် အဖွဲ့အစည်းဖြစ်သည်။
- EIA ဆိုင်ရာ ကိုးကားရန် သတ်မှတ်ချက်များနှင့် ယင်းကဏ္ဍအတွင်း ရင်းနှီးမြှုပ်နှံသူများအား ထုတ်ပေးသည့် ခွင့်ပြုမိန့်များတွင် (ဥပမာအားဖြင့် IFC Performance Standards နှင့် WBG Environmental, Health and Safety Guidelines) **နိုင်ငံတကာ စံချိန်စံညွှန်းများအား ကိုးကားဖော်ပြချက်များပါဝင်ရေး အစိုးရအား တိုက်တွန်းအားပေးရန်။**
- **အစိုးရ၏အလုပ်သမားနှင့်သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှုဆိုင်ရာစစ်ဆေးရေးစွမ်းဆောင်ရည်ကို ခိုင်မာအားကောင်းလာစေရေး** ILO မှ တစ်ဆင့် အစိုးရအား ပံ့ပိုးကူညီရန်။
- ခရီးသွားလုပ်ငန်းများနှင့် အရပ်ဘက် အဖွဲ့အစည်းများ ထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် **စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး၊** ESIA များ အကောင်အထည်ဖော်ခြင်း အပါအဝင် ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ ရေးသားအစီရင်ခံနေကြသည့် မီဒီယာများအားလည်း စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစီအစဉ်များအား ပံ့ပိုးကူညီရန်နှင့် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ သက်ရောက်မှုခံရသည့် ဒေသခံရပ်ရွာများ၏ နစ်နာချက်များ ပြန်လည်ကုစားနိုင်ရေး ပံ့ပိုးကူညီရန်။
- **မြေယာဥပဒေများ ပြုပြင်ပြောင်းလဲရေး**အတွက် အစိုးရအား အကူအညီပေးရန်။

**၃။ မြန်မာနိုင်ငံတွင် နိုင်ငံတကာ ကုမ္ပဏီများအနေဖြင့် လူ့အခွင့်အရေးကို လေးစားရန် စီးပွားရေးလုပ်ငန်းများ၏ တာဝန်ယူမှု၊ တာဝန်သိမှုကို အကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီရန်။**

**လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဓိကအချက်များ**

- ပြည်ပနိုင်ငံများအနေဖြင့် **မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသော ၄င်းတို့နိုင်ငံများမှ ကုမ္ပဏီများအပေါ် မျှော်မှန်းထားချက်များကို ကြိုတင်ပြင်ဆင် ဖော်ပြရမည်။** ဤအချက်တွင် ယင်းတို့အနေဖြင့် UN Guiding Principles on Business and Human Rights (သင့်လျော်ပါက OECD Guidelines on Multinational Enterprises) ကို ဖော်ထုတ်ဖြေဆိုချက်များ၊ သတ်မှတ်ချက်များအပါအဝင် ကျင့်သုံးပါမည်ဆိုသည့်အကြောင်း ရှင်းလင်းစွာ ဖော်ပြထားရမည်။ ယင်းတို့အနေဖြင့် ကုမ္ပဏီများကို လုပ်ငန်းအဆင့်တွင်ဖြစ်သော ထိခိုက်နစ်နာမှုများ၊ စိုးရိမ်ပူပန်မှုများကို ဖော်ထုတ်ပြောဆို ဖြေရှင်းပေးနိုင်သောစနစ်ဖြင့် နစ်နာချက်များ ပြန်လည်ကုစားပေးရေး တိုက်တွန်းရမည်။ နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံ၏ ဥပဒေများသည် မြင့်မားသော စံချိန်စံညွှန်း သတ်မှတ်ထားခြင်း မရှိရာ ယင်းတို့သည် ကုမ္ပဏီများကို IFC Performance Standards နှင့် World Bank Group Environmental, Health and Safety Guidelines ကို ကျင့်သုံးရန် တိုက်တွန်းရမည်။

  **US Reporting Requirements on Responsible Investment in Burma** တွင် ပုံစံပြုဖော်ပြထားသော အစီရင်ခံရေး လိုအပ်ချက်များကို လက်ခံကျင့်သုံးရေး ထည့်သွင်းစဉ်းစားရမည်။

**၄။ ကောင်စစ်ဝန်မှတစ်ဆင့် အကြံပေးခြင်းနည်းလမ်း အပါအဝင်အားဖြင့် ခရီးသွားလုပ်ငန်း၏ ဆိုးကျိုးသက်ရောက်မှုများကို မည်သို့ ရှောင်ရှားနိုင်မည်ဆိုခြင်းနှင့် စပ်လျဉ်း၍ ခရီးသွားများ အသိပေးရန်။**

# မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်အတွက် အကြံပြုချက်များ

မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင် (MNHRC) အနေဖြင့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးရန်နှင့် တုန့်ပြန်ရန် အခွင့်အာဏာရှိသကဲ့သို့ စီးပွားရေးလုပ်ငန်းများကြောင့် လူ့အခွင့်အရေး ဆိုးကျိုးများ နိုင်ငံသားများအပေါ် ကျရောက်ခြင်းမှ `ကာကွယ်ရန် တာဝန်´ကို မည့်သို့ ထမ်းရွက်မည်ဆိုခြင်းနှင့် စပ်လျဉ်း၍ အစိုးရအား အကြံပေးနိုင်သည်။

**၁။ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ဆောင်ရန်အချက်များ ပါဝင်သည့် စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ် (NAP)ကို အကောင်အထည်ဖော်ရေး အားပေးကူညီရန်။**

**၂။ ခရီးသွားလုပ်ငန်းဥပဒေများ၊ စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များတွင် လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ အကြံပေးရန်။**

**၃။ ခရီးသွားလုပ်ငန်းစီမံကိန်းများ၏ သက်ရောက်မှု ခံရသူများအား ဥပဒေအရဖြေရှင်းရန် ကြိုးပမ်းရာတွင် အားပေးကူညီရန်။**

ယင်းကဲ့သို့ ပံ့ပိုးကူညီမှုတွင် တရားမျှတမှု ရရှိစေရေး၊ ခရီးသွားလုပ်ငန်းရည်ရွက်ချက်ဖြင့် ရယူထားပြီး အသုံးမပြုသောမြေယာများကို ဥပဒေနှင့်အညီ ပိုင်ဆိုင်ခွင့်ရှိသူထံ ပြန်လည်ပေးအပ်ရေးတို့တွင် အကူအညီပေးရမည်။

**၄။ MNHRC နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ မကျေနပ်ချက်များနှင့် သက်ဆိုင်သည့် အခြားအဖွဲ့အစည်းများ အနေဖြင့် တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းမှု၊ စုံစမ်းစစ်ဆေးမှုနှင့် နောက်ဆက်တွဲ ဆောင်ရွက်သည့် အဆင့်များကို အများပြည်သူ သိရှိအောင် ထုတ်ပြန်ပေးရန်။**

# ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ပတ်သက်သော အုပ်စု၊ အဖွဲ့အစည်းများအားလုံးအတွက် အကြံပြုချက်များ

**မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းတွင် လူ့အခွင့်အရေးကို ဆွေးနွေးရန် စင်မြင့်တစ်ရပ် ဖန်တီးရန်။**

ယင်းစင်မြင့်အနေဖြင့် ခရီးသွားလုပ်ငန်းအကြံပေးဘုတ်အဖွဲ့ထံ အကြံပေးနိုင်ရမည်။ ယင်းတို့မှတစ်ဆင့် ဒုတိယသမ္မတဦးစီးသည့် ဝန်ကြီးဌာနအဆင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီထံ တင်ပြနိုင်ရမည်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံကိန်း၏ စီမံကိန်း ၉ မှ အဆိုပြုထားသော National Responsible Tourism Research Centre နိုင်ငံတော်အဆင့် တာဝန်ယူမှုဆိုင်ရာ ခရီးသွားလုပ်ငန်းသုတေသနဌာနကို ထူထောင်ဖြစ်ပါက ယင်းစင်မြင့်သို့မဟုတ် စားပွဲဝိုင်းကို အထောက်အကူဖြစ်စေမည်။ ဥရောပတွင် ဂျာမန်စကားပြော ဒေသ့လမ်းညွှန်များက ထူထောင်ခဲ့သည့် ခရီးသွားလုပ်ငန်းရှိ လူ့အခွင့်အရေး စကားဝိုင်း (Roundtable)ကို နမူနာပုံစံအဖြစ် အသုံးပြုနိုင်သည်။(အကွက် ၄၉ ကိုရှုပါ)။

## အကွက် ၄၉ - ခရီးသွားလုပ်ငန်းရှိ လူ့အခွင့်အရေး စကားဝိုင်း

ခရီးသွားလုပ်ငန်းရှိ လူ့အခွင့်အရေး စကားဝိုင်းသည် ခရီးသွားလုပ်ငန်းရှိ လူ့အခွင့်အရေးကို တိုးတက်စေမည့် ပွင့်လင်းစွာ ဆွေးနွေးနိုင်သော စင်မြင့်တစ်ခုဖြစ်သည်။ ယင်းသည် ခရီးသွားလုပ်ငန်းတွင် လူ့အခွင့်အရေးလေးစားရန် လှုံ့ဆော်သည့်လုပ်ငန်းများ၊ အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများအတွက် အကျိုးကျေးဇူးများ ဖန်တီးပေးသည်။ ယင်းတို့ကို စကားဝိုင်း၏ စည်းမျဉ်းများနှင့်ကိုက်ညီသည့် အဖွဲ့အစည်းအလိုက် ဆောင်ရွက်နေသူအားလုံးကို ပါဝင်ဆောင်ရွက်ခွင့် ပေးထားသည်။

စကားဝိုင်းသည် စီးပွားရေးလုပ်ငန်းများအတွက် အခြေခံအဖြစ်သတ်မှတ်ထားသော နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများကို အသိအမှတ်ပြုထားသည်။ စကားဝိုင်း၏ အဖွဲ့ဝင်များသည် ခရီးသွားလုပ်ငန်းရှိ လူ့အခွင့်အရေးများ လေးစားလိုက်နာမှု ရှိရေးအတွက် အလေးဂရုပြု ကြိုးပမ်းအားထုတ်မှုများ ဆောင်ရွက်ခြင်းတို့အတွက် Guiding Principles on Business and Human Rights (UNGPs)နှင့်အညီ ဆောင်ရွက်ပါမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားကြသည်။

စားပွဲဝိုင်း၏ အဖွဲ့ဝင်များတွင် ခရီးသွားလုပ်ငန်းဆောင်ရွက်သူများနှင့် ယင်းတို့၏ အသင်းများ(A&E Erlebnis-Reisen, Gebeco, Kuoni, ONE WORLD, Der SchweizerReise-Verband (SRV), Studiosus and Forum Anders Reisen) နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (ArbeitskreisTourismus&Entwicklung, Naturefriends International (NFI) and Bread for the World – Tourism Watch)၊ အရည်အသွေးစစ်ဆေးသူများ TourCert နှင့် the UN Global Compact Network Germany, The Hamburg Foundation for Business Ethics, ITB Berlin and Willy Scharnow-foundation for Tourism ကဲ့သို့ multiplier များ ပါဝင်သည်။ ဂျာမန်စကား မပြောသည့် နိုင်ငံများမှ အဖွဲ့ဝင်များကိုလည်း ပါဝင်ဆောင်ရွက်ခွင့်ပေးထားသည်။

***ခရီးသွားလုပ်ငန်း စကားဝိုင်းရှိ လူ့အခွင့်အရေးသည် အောက်ပါတို့ကို ရည်မှန်းထားသည်။***

- UNGP များနှင့်အညီ အခွင့်အရေးများ တာဝန်ခံမှု လုပ်ငန်းစဉ်တစ်ရပ်ကို အရှိန်ရစေရေး၊ လူ့အခွင့်အရေးကိစ္စများကို ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများမှ ဂရုပြု ကြပ်မတ်ဆောင်ရွက်စေရေး။
- UNGP များနှင့်အညီ လူ့အခွင့်အရေးများ တာဝန်ခံမှုကို ခရီသွားလုပ်ငန်းသို့ အကြံပေးခြင်း၊ သိရှိလာအောင် ဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းစံအဖြစ်သာမက စီမံခန့်ခွဲမှု အယူအဆ တစ်ရပ် ဖြစ်လာစေရေး။
- သတင်းအချက်အလက်ပေးခြင်းနှင့် အလေ့အထကောင်းများအတွက် အသိပညာဖြန့်ဝေပေးခြင်းတို့အားဖြင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ၏ လုပ်ငန်းစဉ်တွင် လူ့အခွင့်အရေးစံများကို အကောင်အထည်ဖော်ရေး။
- အများပြည်သူနှင့် မီဒီယာမှ သိရှိလာအောင် ဆောင်ရွက်ရေး - ခရီသွားများ၊ စီးပွားရေး လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံသူများ၊ အသိပညာပေးသူများ၊ ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသော နိုင်ငံရေးသမားများထံ ခရီးသွားလုပ်ငန်းရှိ လူ့အခွင့်အရေးအပေါ် လေးစားမှု မြှင့်တင်ရေး။

**မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုကဏ္ဍ (MCRB)** ကို ယူကေ အခြေစိုက် Institute for Human Rights and Business (IHRB) နှင့် ဒိန်းမတ်အခြေစိုက် Danish Institute for Human Rights (DIHR)တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းကာ ရန်ကုန်တွင် အခြေစိုက်ဖွင့်လှစ်ထားသည်။ ရန်ပုံငွေများကို ပြည်ပအစိုးရ အလှူရှင်များမှ ထောက်ပံ့ပေးထားသည်။ မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း အလေ့အထများပေါ် ပေါက်လာစေရန် အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများအကြား အသိပညာ၊ စွမ်းရည်နှင့် စကားဝိုင်းများ ဖန်တီးရန်အတွက် လမ်းကြောင်း (platform) တစ်ခုပေါ် ထွန်းလာစေရန်အတွက် ရည်ရွယ်သည်။ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း ဆိုသည်မှာ နိုင်ငံတကာစံနှုန်း သတ်မှတ်ချက်များကို အခြေခံ၍ လူမှုရေးတာဝန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်မှုတို့ဖြင့် မြန်မာပြည်သူ၊ ပြည်သားများ၏ ရေရှည်အကျိုးစီးပွားအတွက် ဆောင်ရွက်သော စီးပွား ရေးလုပ်ငန်းအား လုပ်ဆောင်ခြင်းကို ဆိုလိုသည်။


**Danish Institute for Human Rights (DIHR)**
Wilders Plads 8K
1403 Copenhagen K
Denmark
Email: info@humanrights.dk
Web: www.humanrights.dk

**Myanmar Centre for Responsible Business**
15 Shan Yeiktha Street
Sanchaung, Yangon, Myanmar
Email: info@myanmar-responsiblebusiness.org
Web: www.myanmar-responsible-business.org
or www.mcrb.org.mm

**Institute for Human Rights and Business (IHRB)**
34b York Way, London, N1 9AB
United Kingdom
Email: info@ihrb.org
Web: www.ihrb.org


THE DANISH INSTITUTE FOR HUMAN RIGHTS

Myanmar Centre for Responsible Business

Institute for Human Rights and Business